# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက် | ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၁၂၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

## ရုရှားနိုင်ငံ စိန့်ပီတာစဘတ်ဒေသရှိ မြို့တစ်မြို့နှင့် မြန်မာနိုင်ငံရှိ မြို့တစ်မြို့တို့အကြား Sister Cities အဖြစ် ဆောင်ရွက်သွားမည့်အခြေအနေများ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❐



**ယနေ့ မာတိကာ**

**တစ်နိုင်ငံရဲ့ သတင်းအချက်အလက်တွေကို တစ်နိုင်ငံက မျှဝေရင်း မဲခေါင်-လန်ချန်း ဒေသတွင်းမီဒီယာတွေ ပိုမိုရင်းနှီးစေလို** — တွေ့ဆုံမေးမြန်း စာ ၉

**နယ်ချဲ့မီဒီယာ၊ ဒီမိုကရေစီ၊ ရေနံနိုင်ငံရေး၊ အကြမ်းဖက်မှု ဝေါဟာရရှင်းတမ်း** — ဆောင်းပါး စာ ၁၀

# လူဦးရေ သန်း ၁၀၀ အတွက် စိုက်ပျိုးထုတ်လုပ်နိုင်မည့်မြေယာ

စိုက်ပျိုးနိုင်သည့် လယ်မြေ၊ ယာမြေများဆိုသည်မှာ အဖိုးတန်သယံဇာတရင်းမြစ်များဖြစ်သည်။ နှစ်စဉ်လူဦးရေ တိုးသည်ထက်တိုးလာနေသော်လည်း စားနပ်ရိက္ခာထုတ်လုပ်ပေးနိုင်သည့် လယ်ယာမြေမှာ တိုးစရာမရှိသည့်အပြင် အကြောင်းအမျိုးမျိုးဖြင့် ယုတ်လျော့လျက်ရှိသည်။ သို့ဖြစ်သည့်အလျောက် "မိမိတို့နိုင်ငံတွင် လူ သန်း ၁၀၀ အတွက် စိုက်ပျိုးမြေလုံလောက်စွာရှိရန် မျှော်မှန်းဆောင်ရွက်ရမည်ဖြစ်သဖြင့် လယ်ယာမြေများကို အခြားနည်းများဖြင့် သုံးစွဲမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း" နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည်။ အနာဂတ်တွင် တိုးတက်လာမည့် တိုင်းပြည်၏လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံစွာ ထုတ်လုပ်ပေးနိုင်ရန်မှာ လုံလောက်သော စိုက်ပျိုးမြေအကျယ်အဝန်းရှိနေရန် လိုအပ်သည်။

၂၀၁၂ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် လယ်ယာမြေဥပဒေအရ လယ်ယာမြေဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသည့် မြေ၊ ဓနိမြေ၊ ဥယျာဉ်မြေ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့် ခြံမြေ၊ မြေနုကျွန်းမြေနှင့် ရွှေ့ပြောင်းတောင်ယာမြေတို့ပါဝင်သည်ဟု ဖွင့်ဆိုထားသည်။ အဆိုပါလယ်ယာမြေများနှင့်ပတ်သက်၍ ပုံစံ(၇)ဟု အများသိကြသော "လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်"ကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ထုတ်ပေးလျက်ရှိရာ ပြီးခဲ့သည့်ဇွန်လကုန်အထိ တောင်သူပေါင်း ၆၁၅၇၀၁၂ ဦး၊ ဦးပိုင်ပေါင်း ၁၀၀၂၆၁၂၇၊ မြေဧရိယာ ဧက ၂၅၈၅၅၅၉၅ ဧကကို ပုံစံ(၇) ထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိထားခြင်းအားဖြင့် လယ်ယာမြေကိုလက်ရှိထားပိုင်ခွင့်၊ လုပ်ပိုင်ခွင့်တို့ ရှိသလို စည်းကမ်းချက်များနှင့်အညီ ရောင်းချ၊ ပေါင်းနှံ၊ ငှားရမ်း၊ လဲလှယ်၊ ပေးကမ်းခွင့်တို့လည်းရရှိသည်။ ထို့အပြင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ၊ နိုင်ငံခြားသားများနှင့်လည်း ဥပဒေနှင့်အညီ အကျိုးတူလုပ်ပိုင်ခွင့်များရှိသည်။

လယ်ယာမြေဥပဒေအရ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရန် ပြဋ္ဌာန်းထားရာ ရောင်းချခြင်း၊ ဝယ်ယူခြင်းစသည်တို့သည် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချ၊ ဝယ်ယူခြင်းသာဖြစ်ပြီး လုပ်ပိုင်ခွင့်လက်ထဲရှိသူအနေဖြင့် ရာသီသီးနှံများစိုက်ပျိုးရန် တာဝန်ရှိနေမည်ဖြစ်သည်။ ယခုအခါ ငွေကြေးအများအပြား ပိုင်ဆိုင်ထားသူတို့က ရင်းနှီးမြှုပ်နှံမှုအနေဖြင့် လယ်ယာမြေများကို ဝယ်ယူခြင်း၊ ပိုင်းစိတ်ကာပြန်လည်ရောင်းချခြင်းများပြုလုပ်ကြပြီး ယခင်က တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးမြေကေကျယ်များပေါ်တွင် ကျောက်တိုင်များစိုက်၍ ခြံစည်းရိုးကာရံခြင်း၊ မြေဖို့ခြင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ဈေးဆိုင်များ၊ လူနေအဆောက်အအုံ၊ ဂိုဒေါင်များ တည်ဆောက်ခြင်းတို့ ပြုလုပ်လာသည်။ အချို့သောလမ်းမကြီးများနှင့် ဆက်စပ်နေသည့်နေရာများတွင် အခိုင်အမာ တိုက်တာများကိုပင် ဆောက်လုပ်ထားကြရာ ရှိနေသည့်ဥပဒေကို မျက်ကွယ်ပြု၍ ဆောင်ရွက်နေခြင်း တစ်နည်းအားဖြင့် ဥပဒေဖောက်ဖျက်ကျူးလွန်နေခြင်းပင်ဖြစ်သည်။

စင်စစ်လယ်ယာမြေများအားလုံးသည် စိုက်ပျိုးရန်အတွက်သာဖြစ်ပြီး လူနေအိမ်ရာ ဆောက်လုပ်နေထိုင်ရန်၊ အခြားစီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် ခွင့်ပြုမထားသောမြေများ ဖြစ်သည်။ သို့ဖြစ်ရာ ခွင့်ပြုမိန့်မရဘဲ အခြားနည်းသုံးစွဲ၍မရသည့်အပြင် မူလရာသီသီးနှံမှ နှစ်ရှည်ပင်မျိုး စိုက်ပျိုးလိုပါလျှင်ပင် ခွင့်ပြုချက်လျှောက်ထားရန် လိုအပ်သည်။ ထို့ပြင် ပြန်လည်ရောင်းချရန်အတွက်သက်သက် ဝယ်ယူပြီး ဘာမှမစိုက်ပျိုးဘဲ မြေကိုလှပ်ထား၍မရ။ "အခြားနည်းအသုံးပြု" ရန်အတွက် လျှောက်ထားမှုများကို ခွင့်ပြုသည့်ကိစ္စများတွင်မူ အနာဂတ်ကာလ နိုင်ငံ့စားနပ်ရိက္ခာအတွက် မရှိမဖြစ်လိုအပ်မည့် စိုက်ပျိုးမြေများ လျော့နည်းဆုံးရှုံးမှုမရှိစေရေးအတွက် မျှော်မှန်းကာ ဉာဏ်ပညာဖြင့် ချင့်ချိန်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၉**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၉၉/၂၀၂၃

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်

(၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

**မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးသန်းထွန်းအောင်အား မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ


အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မြန်မာ - ရုရှား နှစ်နိုင်ငံချစ်ကြည်ရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၉**

နေပြည်တော် ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ Mr.Grigoriev Evgeny Dmitrie-vich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရေး၊ နှစ်နိုင်ငံပြည်သူများ နားလည်မှုနှင့် ချစ်ခင်ရင်းနှီးမှုရှိစေရေး ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား စက်မှုကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ တန်ဖိုးမြှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ လယ်ယာအခြေပြု စီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍများနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေး ကော်မတီဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



## လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ပြည်တွင်းသို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Kan Bo Motorcycle Industrial Co., Ltd. မှ တင်သွင်းလာသော Kanbo အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျွန်းစုမြို့၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများ ကြိုတင်ကာကွယ်ရေးအသိပညာပေး

**ကျွန်းစု အောက်တိုဘာ ၁၉**

အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်လာမှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်မှုများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီလင်းထွဋ်သည် အောက်တိုဘာ ၁၈ ရက်က ကျွန်းစုမြို့နယ်အတွင်းရှိ ငါး/ပုစွန် မွေးမြူသည့်လုပ်ငန်းရှင်များအား အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲကို ကျွန်းစုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်အတွင်းရှိ ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းရှင် ၂၀ တက်ရောက်ကြပြီး အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်များပြောင်းလဲခြင်း၊ ပင်လယ်ရေမျက်နှာပြင်အမြင့် ပြောင်းလဲခြင်း၊ ရောဂါများကျရောက်လာနိုင်ခြင်း စသည့်ဆိုးကျိုးများရှိလာနိုင်သဖြင့် ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်နိုင်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# “မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် ခရီးသွားကဏ္ဍများအပြင် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေး”

❐ *ရွှေဖုံးမှ*

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် ခရီးသွားကဏ္ဍများအပြင် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ အဆင့်မြင့်ပညာသင်ကြားရေးဆိုင်ရာများတွင် အပြန်အလှန်ဖလှယ်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုများ တိုးမြှင့်ရေးအတွက် ရုရှားနိုင်ငံ၌ ကောင်စစ်ဝန်ရုံးများဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်ဒေသရှိ မြို့တစ်မြို့နှင့် မြန်မာနိုင်ငံရှိ မြို့တစ်မြို့တို့အကြား Sister Cities အဖြစ် ဆောင်ရွက်သွားမည့်အခြေအနေများ၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာများ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားကဏ္ဍမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် MSMEs ထုတ်ကုန်များ အရောင်းစင်တာဖွင့်ပွဲကျင်းပ



**ပဲခူး အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အောက်တိုဘာ ၁၉ ရက် နံနက်က ပဲခူးမြို့ ဥဿာသီရိဈေးအပေါ်ထပ်၌ MSMEs ထုတ်ကုန်များ အရောင်းစင်တာ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး MSMEs ထုတ်ကုန်များ အရောင်းစင်တာကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။(ဝဲပုံ)

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်နှင့် တိုင်းဒေသကြီးဝန်ကြီးတို့က MSMEs ထုတ်ကုန် အရောင်းဆိုင်များကို ကြည့်ရှုအားပေးသည်။

အဆိုပါ MSMEs ထုတ်ကုန်များ အရောင်းစင်တာတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ ထွက်ရှိလာသည့် ဒေသထွက် စားသုံးကုန်များ၊ လူသုံးကုန်များ၊ တိုင်းရင်းဆေးဝါးများ၊ စားဖိုဆောင်သုံးပစ္စည်းများ၊ လယ်ယာသုံးကိရိယာများ ပစ္စည်းအမျိုးပေါင်း ၈၀ ကျော်ကို ဆိုင်ခန်းပေါင်း ၃၇ ခန်းဖြင့် ပင်ရင်းဈေးအတိုင်း နေ့စဉ်ရောင်းချပေးသွားမည်ဖြစ်ကာ ဖွင့်ပွဲနေ့တွင် ဒေသခံပြည်သူများ၊ တရုတ်နိုင်ငံသားခရီးသွားများ၊ ဂျပန်နိုင်ငံသားခရီးသွားများနှင့် ရုရှားနိုင်ငံသားခရီးသွားများ လာရောက်လေ့လာဝယ်ယူခဲ့ကြပြီး မြို့နယ်အလိုက် ဒေသထွက်ကုန်များကို တစ်နေရာတည်း ဝယ်ယူနိုင်မည်ဖြစ်ကြောင်းနှင့် MSMEs ထုတ်ကုန်များ အရောင်းစင်တာများကို ခရိုင်မြို့များတွင် ထပ်မံဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

မြန်မာ့အလင်း


# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ခုနှစ် မြန်မာ - တရုတ် အမြွှာညီအစ်မမြို့တော် မီဒီယာဖိုရမ်ကျင်းပရေးအစည်းအဝေး တက်ရောက်ဆွေးနွေး



**မန္တလေး အောက်တိုဘာ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးမြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် မြန်မာ - တရုတ် အမြွှာညီအစ်မမြို့တော် မီဒီယာဖိုရမ် (2023 China–Myanmar Twin City Media Forum ) အောင်မြင်စွာ ကျင်းပနိုင်ရေး အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ တရုတ်ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူများ၊ တရုတ်-မြန်မာချစ်ကြည်ရေးအသင်း၊ ကွမ်တုံးဗုဒ္ဓဘာသာဘုရားကျောင်း၊ ဖုကျန့်ဗုဒ္ဓဘာသာဘုရားကျောင်းနှင့် ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ တာဝန်ရှိသူများက Online မှ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

**မြန်မာနိုင်ငံတွင် ပထမဦးဆုံး ကျင်းပပြုလုပ်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ် မြန်မာ-တရုတ် Twin City မီဒီယာဖိုရမ်အား မြန်မာနိုင်ငံတွင် လာရောက်ကျင်းပရေးနှင့်စပ်လျဉ်း၍ စက်တင်ဘာ ၂၅ ရက်က ယူနန်ပြည်နယ် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတွင်း ပြန်ကြားရေးစင်တာမှ အမှုဆောင်အယ်ဒီတာချုပ် မစ္စတာကျန့်ရော့ကူ ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပြီး Twin City မီဒီယာဖိုရမ်ကို မြန်မာနိုင်ငံတွင် ကျင်းပရန် ပဏာမဆွေးနွေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကူမင်းမြို့နှင့် မန္တလေးမြို့တို့သည် Twin City, Sister Cities များဖြစ်သဖြင့် ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့တွင် ကျင်းပပြုလုပ်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာ - တရုတ် Twin City မီဒီယာဖိုရမ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့နှင့် မန်စီမြို့တို့တွင် သုံးကြိမ်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး ယခု မြန်မာနိုင်ငံတွင် ပထမဦးဆုံး ကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ Twin City မီဒီယာဖိုရမ်သည် နှစ်နိုင်ငံချစ်ကြည်ရေး၊ သတင်းတု/သတင်းမှား တိုက်ဖျက်ရေး၊ ခရီးသွားလုပ်ငန်း မြှင့်တင်ခြင်းများဖြစ်သည့်အတွက် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က မြန်မာ - တရုတ် Twin City မီဒီယာဖိုရမ် ဖွင့်ပွဲအခမ်းအနားကြီးကို မန္တလေးမြို့၌ လာရောက်ကျင်းပသည့်အတွက် အထူးပင်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ၂၀၂၃ ခုနှစ် မြန်မာ - တရုတ် Twin City မီဒီယာဖိုရမ် ကျင်းပရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ယူနန်ပြည်နယ်မှ ကိုယ်စားလှယ်က Forum လုပ်ဆောင်မည့် အစီအစဉ်များကို Online မှတစ်ဆင့် ပါဝင်ဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသူများက ဖိုရမ်အောင်မြင်စွာ ကျင်းပနိုင်ရေး ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

**ဖွင့်ပွဲအခမ်းအနား နိုဝင်ဘာလတွင် မန္တလေးမြို့၌ ကျင်းပမည်**

မြန်မာ - တရုတ် Twin City မီဒီယာဖိုရမ် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ စတုတ္ထပတ်ခန့်တွင် မန္တလေးမြို့ ရတနာပုံခန်းမ၌ လည်းကောင်း၊ ဖိုရမ်ဆွေးနွေးပွဲကို နေပြည်တော်တွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများသည် အခမ်းအနားကျင်းပမည့် မန္တလေးမြို့ရှိ ရတနာပုံခန်းမကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရတနာပုံခန်းမကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၃၀ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး မန္တလေးမြို့ ၇၈ လမ်း၊ ၃၈ လမ်းထောင့် မြေဧရိယာ ခြောက်ဧကပေါ်တွင် ဆောက်လုပ်ထားရှိသည်။

ရတနာပုံခန်းမဖွင့်ပွဲအခမ်းအနားကို ၁၇-၅-၂၀၂၁ ရက်နေ့တွင် ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ရတနာပုံခန်းမမှ ဆောင်ရွက်ပေးနိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် မင်္ဂလာဆောင်အခမ်းအနားများ၊ ညစာစားပွဲများ၊ မွေးနေ့ပါတီပွဲများ၊ နှစ်ပတ်လည်အခမ်းအနားများ၊ မိတ်ဆုံစားပွဲများ၊ စာတမ်းဖတ်ပွဲ အလုပ်ရုံဆွေးနွေးပွဲများ၊ ဘွဲ့နှင်းသဘင်အခမ်းအနားများ၊ ဖျော်ဖြေရေးနှင့် ဈေးကွက်မြှင့်တင်ရေးပွဲများ ပါဝင်သည့်အတွက် ၂၀၂၃ ခုနှစ် မြန်မာ - တရုတ် အမြွှာညီအစ်မမြို့တော် မီဒီယာဖိုရမ်ကို ရတနာပုံခန်းမတွင် ကျင်းပရန် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရတနာပုံခန်းမ Ground Floor တွင် ဝန်ဆောင်မှုပေးနိုင်သည့် အခန်း ၆ ခန်း ပါရှိကာ ပထမထပ်တွင် အခန်း ၅ ခန်းပါရှိပြီး ရတနာပုံခန်းမ အပေါ်ဆင့်တွင် လူဦးရေ ၂၂၂ ဦး ဝင်ဆံ့သည့် အခန်း၊ ကားရပ်နားရန် နေရာနှင့် ဆိုင်ကယ်ရပ်နားရန် နေရာများ ပါဝင်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မန္တလေးရုံးခွဲ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၊ မန္တလေးပုံနှိပ်စက်ရုံ၊ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) တို့မှ ဝန်ထမ်းများအား တွေ့ဆုံမှာကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **သတင်းစဉ်**

**ဓာတ်ပုံ - မြင့်မော်ထွန်း (ပြန်/ဆက်)**

## ရခိုင်ပြည်နယ် စီးပွားရေးဖိုရမ် ၂၀၂၃ ကျင်းပမည်

**စစ်တွေ အောက်တိုဘာ ၁၉**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြည်နယ်အတွင်းဒေသခံ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွက်လာစေရေးနှင့် ရခိုင်ပြည်နယ်၏ အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ရည်ရွယ်ကျင်းပသည့် ရခိုင်ပြည်နယ် စီးပွားရေးဖိုရမ် (၂၀၂၃) ကို အောက်တိုဘာလ ၂၂ ရက်နေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ စီးပွားရေးဖိုရမ်တွင် ရခိုင်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပညာရှင်များဖြစ်ကြသည့် ဦးတင်ဖံကျော် (Chair-man ၊ Device Business Uni-versity - DBU) ၊ ဦးထွန်းထွန်းနိုင် ( President, We Love Rakhine၊ Chairman & Group of CEOBlue Ocean Investment Co.,Ltd) နှင့် ဒေါ်ပန်းအိဖြူ (Chief Operating Officer ၊ Myanmar Payment Solution Services Company) တို့က အဓိကဟောပြောဆွေးနွေးသူများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ စီးပွားရှင်ပညာရှင်များ၊ လူငယ်များက အနာဂတ်စီးပွားရေး အလားအလာများနှင့် ပတ်သက်သည့် စကားဝိုင်းဆွေးနွေးပွဲ သုံးခုကို ဆောင်ရွက်မည်ဖြစ်သည်။

ထို့ပြင် အခမ်းအနား ကျင်းပမည့် ခိုင်သဇင်ခန်းမအတွင်း IT ဆိုင်ရာ ပစ္စည်းများ၊ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချသွားမည်ဖြစ်ပြီး ပညာရေးဝန်ဆောင်မှုများ၊ စာအုပ်အရောင်းဆိုင်နှင့် စာအုပ်ပြခန်းများ၊ အလုပ်အကိုင် အခွင့်အလမ်းနှင့်ပတ်သက်သည့် ပြခန်းများကို ထည့်သွင်းထားကာ မည်သူမဆို အခမဲ့ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ (၁၇-၁၀-၂၀၂၃) နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၃၁-၇-၂၀၂၃) နေ့မှ (၂၉-၉-၂၀၂၃) နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်းတစ်ဦးနှင့် အထွေထွေ ၁၈ ဦး ပေါင်း ၂၀ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီ လုပ်ငန်းလျှောက်ထားသူ တစ်ဦးကိုလည်းကောင်း အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၃၄၀ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၀၆ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၄၄၄ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၁၉**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ပေါ်ရှိ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ရှမ်းပြည်နယ်သံဃနာယက (ဂိုဏ်းပေါင်းစုံ) ဆရာတော်ကြီးများထံမှ သြဝါဒခံယူ

နေပြည်တော် အောက်တိုဘာ ၁၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ ကျက်သရေဆောင် စူဠာမုနိလောကချမ်းသာစေတီတော်နှင့် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ကာ စေတီတော်ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စဝ်စံထွန်းရပ်ကွက် မူလမင်းကွန်းကျောင်းတိုက်၌ နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ အမှူးပြုသော နိုင်ငံတော်သြဝါဒါစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ) ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီးများထံမှ သြဝါဒခံယူကြသည်။ **(ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက နိုင်ငံတော်သြဝါဒါစရိယ၊ တောင်ကြီးမြို့ ကံသာရပ်ကွက် စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ မဟာကမ္မဋ္ဌာနာစရိယ၊ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တောင်ကြီးမြို့ ချမ်းသာရပ်ကွက် ဘုရားကြီးအနောက်ကျောင်း ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသဇ္ဇန၊ တောင်ကြီးမြို့ နောင်ခဲကျေးရွာ အုပ်စု နောင်ခဲကျောင်းဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တခေမာစာရ၊ တောင်ကြီး မြို့ ချမ်းသာရပ်ကွက် သိမ်တောင်ကျောင်း ဆရာတော်၊ ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇဝန္တ၊ တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက် ရှမ်းပြည်နယ် သံဃ နာယကအဖွဲ့ (ငှက်တွင်း) ဥက္ကဋ္ဌ စတုဘုမ္မိကကျောင်း ဆရာတော် ဘဒ္ဒန္တသုန္ဒရတို့က ပစ္စုပ္ပန်၊ သံသရာနှင့် အနာဂတ်သာသနာတော်အတွက် ကောင်းကျိုးဖြစ်ထွန်းစေမည့် သြဝါဒများ မိန့်ကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စွန်းလွန်းဂူကမ္မဋ္ဌာန်း ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ရှမ်းပြည်နယ်အတွင်းရှိ ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်ပူဇော်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးထံ ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော် ၁၉၂၆ ဆူကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ သိမ်တောင်ကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇဝန္တထံမှ အနုမောဒနာတရားနာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော်ကြီးများကိုနေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ကျောင်းသား ကျောင်းသူများအား(ဒုတိယအကြိမ်) ကျောင်းဝတ်စုံနှင့် ပညာသင်ထောက်ပံ့ငွေ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၉**

၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ မိသားစုဝင် ကျောင်းသား ကျောင်းသူများအား (ဒုတိယအကြိမ်) ကျောင်းဝတ်စုံနှင့် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းက တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာဦးနှင့် အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၃– ၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးထားသည့် မိုးစပါး ပန်းတိုင်အထွက်နှုန်း ရရှိရေးစံပြကွက် ဧက ၁၀၀ အား ကွင်းဆင်းကြည့်ရှု

**သာစည် အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကုက္ကိုစုကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးထားသည့် မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်ဧက ၁၀၀ အား ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် စီမံကိန်းကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက တောင်သူများနှင့်တွေ့ဆုံပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်း ရည်ရွယ်ချက်များ၊ ဒေသတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တောင်သူများကလည်း အကျိုးဖြစ်ထွန်းရန် စိတ်ဝင်စားစွာဖြင့် ထိရောက်စွာဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တောင်သူများက စိုက်ပျိုးမှုအခြေအနေများကို တင်ပြကြရာ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ခရိုင်စီမံကိန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ် စီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် ကော်မတီဝင်များ၊ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များက စိုက်ကွင်းများအား ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## (၆၁)ကြိမ်မြောက် အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့(AALCO)၏ နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၉**

ဥပဒေရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ အောက်တိုဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိသည့် (၆၁)ကြိမ်မြောက် အာရှ–အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) ၏ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေးသို့ အထူးဧည့်သည်တော်အဖြစ် အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတ H.E. Pro. Dr. (H.C.) K.H.Ma'ruf Amin တက်ရောက်ပြီး အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။

**အထူးပြုဆွေးနွေး**

အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများက အပြည်ပြည်ဆိုင်ရာ စီးပွားရေးကုန်သွယ်မှု ဥပဒေနှင့် ဆက်စပ်ကိစ္စရပ်များ၊ ပင်လယ်ပြင်ဆိုင်ရာဥပဒေ၊ လူ့အခွင့်အရေး၊ ဒုက္ခသည်များနှင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နိုင်ငံတကာရာဇဝတ်မှုဥပဒေဆိုင်ရာကိစ္စရပ်များအား အထူးပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးနှင့် ခရိုင် / မြို့နယ်ပညာရေးမှူးများ လုပ်ငန်းညှိနှိုင်း

**ပဲခူး အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးရုံး၌ အောက်တိုဘာ ၁၈ ရက်နံနက်က တိုင်းဒေသကြီး ပညာရေးမှူးနှင့် ခရိုင်/မြို့နယ် ပညာရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။ **(ယာပုံ)**



ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ပညာရေးမှူး ဆရာကြီး ဦးစိုးလွင်က အခြေခံပညာဦးစီးဌာန နေပြည်တော်၌ ကျင်းပခဲ့သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ ယခု ပညာသင်နှစ်အတွင်း အလေးထား ဆောင်ရွက်ကြရမည့် လုပ်ငန်း လမ်းညွှန်ချက်များအား ရှင်းလင်းပြောကြားပြီး ယနေ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ လမ်းညွှန် ဆွေးနွေးချက်များကိုလည်း ကဏ္ဍတစ်ခုချင်းစီတွင် အသေးစိတ်မှတ်သားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ)ဆရာကြီးဦးငွေဝင်းအောင်က စီမံရေးရာကိစ္စရပ်များ၊ ဒုတိယညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူး(ပညာ) ဆရာကြီး ဦးခင်အောင်ရီက ပညာရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူး (စီမံကိန်းများ ကြီးကြပ်အကဲဖြတ်) ဆရာကြီး ဦးထွန်းညိုက စီမံကိန်းများ ကြီးကြပ် အကဲဖြတ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဒုတိယညွှန်ကြားရေးမှူး (ကွန်ပျူတာ/စာရင်းအင်း) ဆရာကြီး ဦးကျော်ငွေက စာရင်းအင်းဆိုင်ရာကိစ္စရပ်များကို ဌာနခွဲအလိုက် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြပြီး ခရိုင်နှင့်မြို့နယ် ပညာရေးမှူးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ပညာရေးမှူး ဆရာကြီး ဦးစိုးလွင်က ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သက်ထက်**

# မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ ကင်ဆာဆေးကုဌာနမှ ဆေးပညာရှင်များ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးနှင့် အတွေ့အကြုံဖလှယ်ရေးကိစ္စရပ်များဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၉**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgency Dmitrievich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ ဆွေးနွေးသည်။ (ယာပုံ)

တွေ့ဆုံစဉ် ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားမှုနှုန်းတိုးမြင့်လျက်ရှိသော ကင်ဆာရောဂါများနှင့်ပတ်သက်သည့်ကိစ္စရပ်များ၊ ခေတ်မီကင်ဆာဆေးကုသမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အပြန်အလှန် နည်းပညာဖလှယ်ရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ ကင်ဆာဆေးကုဌာနမှ ဆေးပညာရှင်များ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးနှင့် အတွေ့အကြုံဖလှယ်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ ကင်ဆာရောဂါကုသမှုဆေးပညာရှင်များ တွဲဖက်၍ ဆေးကုသမှုများလုပ်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ ရုရှားနိုင်ငံမှ ကင်ဆာရောဂါများ ကုသပေးသည့် ဆေးဝါးများအသုံးပြု၍ မြန်မာနိုင်ငံရှိ ကင်ဆာရောဂါဝေဒနာရှင်များအား ဆေးကုသမှုများပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် ဆေးပညာရပ်ဆိုင်ရာ ညီလာခံများ၊အစည်းအဝေးများကျင်းပ၍ ဆေးဘက်ဆိုင်ရာ ပညာရှင်များ အပြန်အလှန်ဖိတ်ကြားလျက် အသိပညာဖလှယ်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ ဆေးပညာကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးဦးစီးဌာန)၊ ညွှန်ကြားရေးမှူးချုပ် (ကုသရေးဦးစီးဌာန)၊ ပါမောက္ခ/ ဌာနမှူး၊ ကင်ဆာရောဂါ ဆေးပညာဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ပါမောက္ခ/ ဌာနမှူး၊ ကင်ဆာဓာတ်ရောင်ခြည်ဆေးကုဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ပါမောက္ခ၊ ကင်ဆာဓာတ်ရောင်ခြည်ဆေးကုဌာန၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# မိုဘိုင်းငွေပေးချေမှုစနစ်များ အားလုံးအပြန်အလှန်ချိတ်ဆက် ပေးချေနိုင်သည့် Digital Payment Switch (Myanmar Pay) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် Digital Payment Switch (Myanmar Pay) ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ လမ်းညွှန်ဆုံးဖြတ်ပေးရမည့်အချက်များနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကဘဏ်များမှ နည်းပညာကျွမ်းကျင်သူများနှင့် PayPlus Co., Ltd မှ အကြီးတန်း စီမံခန့်ခွဲသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက အမျိုးသား ငွေပေးချေမှုစနစ် မဟာဗျူဟာ (National Payment System Strategy 2020-2025) အရ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုဘိုင်းငွေပေးချေမှု စနစ်များ အားလုံးအပြန်အလှန်ချိတ်ဆက် ပေးချေနိုင်သည့် Digital Payment Switch (Myanmar Pay) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သတ်မှတ်ကာလ အတွင်း အချိန်မီပြီးစီးနိုင်ရန် လိုအပ်ကြောင်း၊ အဆိုပါစနစ် အကောင်အထည်ဖော် ပြီးစီးပါက ငွေပေးချေမှုများအား လုံခြုံစိတ်ချ လျင်မြန်စွာ ဆောင်ရွက်နိုင်ပြီး ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် ငွေသားကိုင်တွယ်မှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဖြေရှင်းရမည့် အချက်အလက်များကိုတင်ပြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကဘဏ်များမှ နည်းပညာကျွမ်းကျင်သူများနှင့် PayPlus Co.Ltd တို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဆွေးနွေးအကြံပြုခဲ့သည်။

**သတင်းစဉ်**

# ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အဝေးသင်တက္ကသိုလ်တက်ရောက်နေသည့် ဝန်ထမ်းများအား ပညာသင်ထောက်ပံ့ငွေပေးအပ်

**ဟားခါး အောက်တိုဘာ ၁၉**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ အဝေးသင်တက်ရောက်နေသောဝန်ထမ်းများအား ချင်းပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်သည့် ပညာသင်ထောက်ပံ့ငွေပေးအပ်ခြင်းကို အောက်တိုဘာ ၁၉ ရက်က ဟားခါးမြို့ ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဆန်း၊ ညွှန်ကြားရေးမှူး ဦးထွန်းသိန်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးသီဟံစိုးတို့က ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် တာဝန်ထမ်းဆောင်နေကြသောဝန်ထမ်းများအနက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အဝေးသင် တက္ကသိုလ်တက်ရောက်နေသည့် ဝန်ထမ်းတစ်ဦးလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် ဝန်ထမ်း ၃၈ ဦး အတွက် ကျပ် ၁၉၀၀၀၀၀ အား ဝန်ထမ်းများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် မိုးရာသီသီးနှံများ အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**လွိုင်ကော် အောက်တိုဘာ ၁၉**

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေး လုပ်ငန်းများ အရည်အသွေး ပြည့်မီစွာဖြင့် သတ်မှတ်ကာလအပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် မိုးရာသီသီးနှံများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



### ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေး

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခွင့်ပြုထားသည့် လုပ်ငန်းများအားလုံး အကောင်အထည်ဖော်ရန်၊ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် တာဝန်ရှိသူများက စနစ်တကျ စိစစ်ကြီးကြပ်ဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းပြည့်မီစွာရရှိရေးနှင့် မိုးသီးနှံများကို သတ်မှတ်ကာလအတွင်း လျာထားချက်များအတိုင်း အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပြီး ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန် တို့ကို ပြောကြားသည်။

### ဖြည့်စွက်ဆွေးနွေး

ထို့နောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပါဝါပွိုင့်ဖြင့် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြသည်။

### ပေါင်းစပ်ညှိနှိုင်းပေး

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ကိုဇင်(လွိုင်ကော်)**



# ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြစ်ကြီးနားခရိုင်ဘဏ်ခွဲက တောင်သူများအတွက် ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေး

**မြစ်ကြီးနား အောက်တိုဘာ ၁၉**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြစ်ကြီးနားခရိုင် ဘဏ်ခွဲတွင် အောက်တိုဘာ ၁ ရက်မှ စတင်ပြီး ၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိသည်။

မြစ်ကြီးနားမြို့နယ်အတွင်းရှိ စိုက်ဧကပေါင်း ၂၈၀၀ နှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ စိုက်ဧကပေါင်း ၁၇၀၀ တို့အတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ချေးငွေ ကျပ်သိန်း ၄၅၀၀ ထုတ်ချေးပေးနိုင်ရေး လျာထားဆောင်ရွက်ကြောင်း ခရိုင်ဘဏ်ခွဲမန်နေဂျာ ဒေါ်သင်းသင်းအေးထံမှ သိရသည်။ ကချင်ပြည်နယ်အတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အနေဖြင့် မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးညှင်း၊ မိုးကောင်း၊ ဗန်းမော်၊ မိုးမောက်၊ ရွှေကူ စသည့်မြို့နယ် ခုနစ်မြို့နယ်ရှိ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲ ငါးခုမှ ၂၀၂၃ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးစရိတ်အဖြစ် တစ်ပြည်နယ်လုံးတွင် စိုက်ဧက ၃၀၀၀၀ ကျော်အတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၃၀၀၀၀ ကျော် လျာထား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

## ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၁၉**

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotel Amara ၌ ကျင်းပသည်။



အခမ်းအနားသို့ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဝင် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ဘာသာရပ်ပို့ချမည့်သူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ တုံ့ပြန်ဖြေရှင်း ဆောင်ရွက်မှု အသိပညာ၊ ဗဟုသုတများ ရရှိပြီး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များအား အကောင်အထည် ဖော်ရာတွင် အထောက်အကူ ဖြစ်စေရန် ဖြစ်ပါကြောင်း၊ ယခုသင်တန်းတွင် ဘာသာရပ်အမျိုးအစား ၁၁ မျိုးကို သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများက ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းသဘောမျိုး မဟုတ်ဘဲ အပြန်အလှန် အတွေ့အကြုံဖလှယ်သည့် ဆွေးနွေးပွဲဖြစ်ကြောင်း ပြောကြားသည်။

သင်တန်း၌ ဘာသာရပ်များကို ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တို့မှ တာဝန်ရှိသူများက ဦးဆောင်ဆွေးနွေးသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်ခြင်းဖြင့် အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းစီမံချက်၏ ဆောင်ရွက်ချက်များကို သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ပိုမိုအထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးမြင့်စိုး "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၁၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းပျဉ်းမြို့နယ် ပုံခက် (၅) မိုင် ကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်း ရယူနေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန (၄) ခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်နေသော လုပ်ငန်းများ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ရန် မှာကြားကာ စွန်တောင်းကျေးရွာသို့ ဆက်သွယ်ထားသော VDP ကွန်ကရစ်လမ်း ဖောက်လုပ်ပေးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် "ဝ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ် ဆွတ်ဝိုးကျေးရွာသို့ရောက်ရှိပြီး တိုက်နယ်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသော လူနာများကို အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ကာ ကျန်းမာရေးဝန်ထမ်းများအတွက် စာအုပ်စာစောင်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဆွတ်ဝိုးကျေးရွာ ဘက်စုံသုံးခန်းမဆောင်တွင် ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး မင်းရန်အောင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံပြီး အမြင့်တင် ရေစက်ရုံသွားလမ်းပြုပြင်ဖောက်လုပ်ရေး၊ ဘက်စုံသုံးခန်းမတည်ဆောက်ရေး၊ မော်တော်ဆိုင်ကယ်ပြင်သင်တန်း ဖွင့်လှစ်ရေးကိစ္စရပ်များအတွက် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ညပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မက်မန်းမြို့နယ် ငှက်ယောင်းကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်နေမှုနှင့် ကွန်ဟောင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်း ဖောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကွန်ဟောင်းမှ နမ့်ကျွတ်ချောင်းသို့ ဆက်သွယ်မည့် ကုန်ထုတ်လမ်း ဖောက်လုပ်ပေးရေး တင်ပြချက်အပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၁၉**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံ၏ ပထမဆုံး အမျိုးသားဘူမိဥယျာဉ် (Myanmar National Geopark)

**ကျော်နိုင်ဦး (ပတ်ဝန်းကျင်)**

**ဘူမိဥယျာဉ်(Geopark)ဆိုတာ ကမ္ဘာပေါ်မှာ တစ်မူထူးခြားထင်ရှားတဲ့ ဘူမိဆိုင်ရာ သွင်ပြင်လက္ခဏာတွေ၊ ဇီဝမျိုးစုံမျိုးကွဲတွေ၊ ယဉ်ကျေးမှုရိုးရာဓလေ့နဲ့ ရှေးဟောင်းအမွေအနှစ်တွေ စုစည်းတည်ရှိတဲ့ နေရာဒေသတစ်ခု ဖြစ်ပါတယ်။ ဘူမိဥယျာဉ်ထဲမှာဆိုရင် သဘာဝအခြေခံခရီးသွားလုပ်ငန်းနဲ့ ဘူမိဆိုင်ရာ ခရီးသွားလုပ်ငန်းတွေ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေ၊ အသိပညာပေးအစီအစဉ်တွေနဲ့ သုတေသနလုပ်ငန်းတွေ စတာတွေပါဝင်မှာဖြစ်ပြီး အဲဒီဒေသရဲ့ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ခြုံငုံထည့်သွင်းစဉ်းစားကာ စီမံအုပ်ချုပ်ထားတဲ့ နယ်မြေတစ်ခုဖြစ်ပါတယ်။ ဒေသခံပြည်သူတွေရဲ့အကြောင်းနဲ့ အင်မတန်ကျယ်ပြန့်လှတဲ့ သိပ္ပံနဲ့ဝိဇ္ဇာပညာရပ်ဆိုင်ရာ အခြေခံအကြောင်းအရာတွေ ပေါင်းစုထားရာ နေရာဒေသတစ်ခုလို့လည်း ဆိုနိုင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ယူနက်စကိုအသိအမှတ်ပြု ကမ္ဘာ့ဘူမိဥယျာဉ် (UNESCO Global Geopark)အဖြစ် သတ်မှတ်ခံနိုင်ဖို့ ထူးခြားတဲ့ အလားအလာကောင်းတွေ ပိုင်ဆိုင်ထားတဲ့ မြန်မာနိုင်ငံအလယ်ပိုင်းက ပုပ္ပားတောင်ဒေသကို ယူနက်စကိုသို့မတင်ပြမီ မြန်မာ့ပထမဆုံး အမျိုးသားအဆင့် ဘူမိဥယျာဉ် (Myanmar National Geopark)အဖြစ် သတ်မှတ်ဖွဲ့စည်းနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။**

### ဘူမိဥယျာဉ် ဖွဲ့စည်းတည်ထောင်ခြင်း၏ ရည်ရွယ်ချက်

ဘူမိဥယျာဉ်(Geopark)ဖွဲ့စည်းတည်ထောင်ရခြင်းရဲ့ ရည်ရွယ်ချက်တွေ များစွာရှိတဲ့အနက် အဓိက ရည်ရွယ်ချက်တွေကတော့ နံပါတ်(၁) အနေနဲ့ ထူးခြားတဲ့ ဘူမိအမွေအနှစ်တွေ၊ ဘူမိသွင်ပြင်အနေအထားတွေ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေ၊ ဇီဝမျိုးစုံမျိုးကွဲတွေ၊ ဂေဟစနစ်နဲ့ သဘာဝပတ်ဝန်းကျင် စတာတွေကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ဖို့၊ နံပါတ်(၂)အနေနဲ့ကတော့ ပတ်ဝန်းကျင်လေ့လာရေးနဲ့ သုတေသနပြုရေးလုပ်ငန်းတွေကနေတစ်ဆင့် မျိုးဆက်သစ်လူငယ်တွေဟာ လူသားတွေကြောင့် ဖြစ်ပေါ်လာရတဲ့ ပတ်ဝန်းကျင်ညစ်ညမ်းမှုတွေကို ပိုမိုသိရှိလာပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်လိုစိတ်တွေဖြစ်ပေါ်လာစေဖို့၊ နံပါတ်(၃) အနေနဲ့ကတော့ ဒေသခံလူမှုအဖွဲ့အစည်းတွေအကြားပူးပေါင်းညှိနှိုင်း ဆောင်ရွက်တတ်တဲ့ အလေ့အထကောင်းတွေရရှိလာပြီး ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်လာတာနဲ့အမျှ ဒေသခံပြည်သူတွေအနေနဲ့လည်း စီးပွားရေးဆိုင်ရာ အကျိုးအမြတ်တွေ ပိုမိုရရှိနိုင်စေဖို့၊ နံပါတ်(၄) အနေနဲ့ကတော့ နိုင်ငံတကာမှာရှိတဲ့ ဘူမိဥယျာဉ်တွေနဲ့ ချိတ်ဆက်ပူးပေါင်းလာနိုင်ပြီး ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုဖို့ စတာတွေပဲ ဖြစ်ပါတယ်။

### ယူနက်စကိုအသိအမှတ်ပြု ကမ္ဘာ့ဘူမိဥယျာဉ်များ

ယူနက်စကိုအသိအမှတ်ပြု ကမ္ဘာ့ဘူမိဥယျာဉ်ဖြစ်ဖို့ဆိုရင် အပြည်ပြည်ဆိုင်ရာ အရေးကြီးတဲ့ ဘူမိဗေဒသုတေသန လုပ်နိုင်တဲ့အဆင့်ထိအောင်ရှိတဲ့ ကျောက်ဆောင် ကျောက်သားနဲ့ မြေပြင်အနေအထားတွေ၊ ထူးထူးခြားခြား သုတေသနလုပ်နိုင်တဲ့ ရှေးဟောင်းအမွေအနှစ်တွေ၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေ၊ ဘူမိခရီးသွားလုပ်ငန်းတွေ၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းတွေ ရှိရမှာဖြစ်ပြီး အဲဒါတွေကို ထိန်းသိမ်းရင်းနဲ့ တိုးတက်မှုရှိအောင်လုပ်ဆောင် သွားရမှာပဲ ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် မေလအထိ ကမ္ဘာပေါ်က နိုင်ငံပေါင်း ၄၆ နိုင်ငံမှာ ယူနက်စကိုအသိအမှတ်ပြု ကမ္ဘာ့ဘူမိဥယျာဉ်ပေါင်း ၁၇၇ ခုရှိပြီး အာဆီယံနိုင်ငံတွေဖြစ်တဲ့ မလေးရှား၊ အင်ဒိုနီးရှားနဲ့ ထိုင်းနိုင်ငံတွေမှာလည်း ယူနက်စကို အသိအမှတ်ပြု ကမ္ဘာ့ဘူမိဥယျာဉ်တွေ တည်ရှိပါတယ်။ ဘူမိဥယျာဉ်တွေ စတင်တည်ထောင်ခဲ့တဲ့ နိုင်ငံကတော့ တရုတ်နိုင်ငံဖြစ်ပြီး ၂၀၂၂ ခုနှစ် စာရင်းများအရ တရုတ်နိုင်ငံမှာ ယူနက်စကို အသိအမှတ်ပြု ကမ္ဘာ့ဘူမိဥယျာဉ် ၄၁ ခုအထိ ရှိလာပြီး အရေအတွက်အများဆုံးရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ဖို့ ထူးခြားဆန်းပြားတဲ့ သဘာဝပြကွက်တွေ၊ အလှအပတန်ဖိုးတွေနဲ့ ပြည့်နှက်နေတဲ့ နေရာဒေသ များစွာတည်ရှိနေပါတယ်။ ဒါတွေကို ဖော်ထုတ်ပြီး အမျိုးသားအဆင့်မှ ကမ္ဘာ့အဆင့်အထိရောက်အောင် နိုင်ငံတော်အစိုးရ၊ ဒေသခံများ၊ ပရဟိတအဖွဲ့များ၊ လူမှုအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များက စိတ်ပါဝင်စားမှု အပြည့်အဝနဲ့ ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

### ပထမဆုံး အမျိုးသားအဆင့် ဘူမိဥယျာဉ်ဖြစ်လာမယ့် ပုပ္ပားတောင်ဒေသ



မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းရဲ့ လေ့လာတွေ့ရှိချက်တွေအရ ကျွန်တော်တို့နိုင်ငံမှာ ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ဖွဲ့စည်း တည်ထောင်လို့ရတဲ့ နေရာဒေသတွေ များစွာရှိတဲ့အနက် ထင်ရှားတဲ့ ၁၀ နေရာကတော့ ခါကာဘိုရာဇီတောင်၊ ပူတာအိုဒေသ၊ အင်းတော်ကြီးကန်၊ အင်းလေးကန်၊ တွင်းတောင်၊ ပုပ္ပား၊ ပင်းတယဂူ၊ မာန်အောင်ကျွန်း၊ ဘီလူးကျွန်းနဲ့ ဇွဲကပင်တောင် စတာတွေဖြစ်ပြီး အဲဒီအထဲမှာ ပုပ္ပားတောင်ဒေသဟာ ကမ္ဘာ့ဘူမိဥယျာဉ် (Global Geopark) ဖြစ်လာဖို့ အလားအလာအရှိဆုံး နေရာတစ်ခုဖြစ်ပါတယ်။ ပုပ္ပားတောင်ဒေသဟာ လမ်းပန်းဆက်သွယ်ရေးအလွန်ကောင်းမွန်ပြီး ခရီးသွားလုပ်ငန်းတွေ ထွန်းကားတဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေနဲ့လည်း ခရီးမိုင်နီးကပ်ပြီး လမ်းသင့်ပါတယ်။ ကျောက်ပန်းတောင်းမြို့ရဲ့ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်သာ ခရီးကွာဝေးပါတယ်။ ဒါ့အပြင် ရာသီဥတု အင်မတန်သာယာပြီး ဇီဝမျိုးစုံမျိုးကွဲလို့ခေါ်တဲ့ သဘာဝတောရိုင်းအပင်နဲ့ တိရစ္ဆာန်တွေ၊ ပရဆေးဖက်ဝင်အပင်တွေ၊ အမျိုးမျိုးသော သစ်ခွပင်တွေ၊ မြန်မာနိုင်ငံရဲ့ ဒေသရင်းမျိုးစိတ် မျောက်မြီးရှည်တွေနဲ့ ရှားပါးမျိုးစိတ်တွေ စုံလင်စွာ တည်ရှိလို့ နေပါတယ်။ သဘာဝအလျောက်တည်ရှိနေတဲ့ စိမ့်စမ်းရေထွက်နေရာပေါင်း ၁၀၀ ဝန်းကျင်ခန့်ရှိပြီး ဒေသနေ ပြည်သူလူထုအား ရာသီမရွေးသောက်သုံးရေ ထောက်ပံ့ပေးလျက်ရှိပါတယ်။ ပုပ္ပားတောင်ဟာ မြန်မာနိုင်ငံမှာ အလွန်ထင်ရှားလှတဲ့ မိရိုးဖလာ နတ်ကိုးကွယ်မှုတွေရှိနေပြီး နတ်တို့ပျော်စံရာ အထင်ကရဌာနကြီး ဖြစ်တဲ့အပြင် ထူးခြားတဲ့စေတီပုထိုး၊ နတ်ကွန်းနတ်နန်းတွေနဲ့ ရိုးရာဓလေ့ထုံးတမ်းစဉ်လာတွေ၊ ယဉ်ကျေးမှု အမွေအနှစ်တွေ ထုံမွမ်းရာဒေသလည်း ဖြစ်ပါတယ်။ ပုပ္ပားနဲ့ပတ်သက်ပြီး ခေတ်အဆက်ဆက် စာပေပညာရှင်တွေ ရေးဖွဲ့သီကုံးထားတဲ့ ကဗျာတွေ၊ စာပေတွေနဲ့ ပြည်တွင်း ပြည်ပ သုတေသနပြုလုပ်ထားတဲ့ စာကောင်းပေမွန်တွေ လေ့လာမဆုံးနိုင်အောင်လည်းရှိပါတယ်။ ဒါတင်မက ပုပ္ပားတောင်ဥယျာဉ်ဟာ မြန်မာနိုင်ငံမှာ အစိုးရတရားဝင်အသိအမှတ်ပြု သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၃ ခု ရှိတဲ့အထဲက တစ်ခုအပါအဝင်ဖြစ်ပြီး ၁၉၈၉ ခုနှစ်ကတည်းက ပုပ္ပားတောင်အမျိုးသားဥယျာဉ် (Popa Mountain National Park) အဖြစ် သတ်မှတ်ထားခဲ့တဲ့ ထင်ရှားတဲ့နယ်မြေတစ်ခုလည်း ဖြစ်ပါတယ်။ အရေးကြီးဆုံးအချက်က ပုပ္ပားဒေသရှိ မီးတောင်ဟောင်းဟာ အပြည်ပြည်ဆိုင်ရာအဆင့်အထိအရေးပါတဲ့ ဘူမိဆိုင်ရာအချက်အလက် အထောက်အထားတွေ များစွာတည်ရှိနေတဲ့ ရေခံမြေခံကောင်းတဲ့ နေရာဒေသတစ်ခု ဖြစ်လို့နေပါတယ်။

**မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းရဲ့ လေ့လာတွေ့ရှိချက်တွေအရ ကျွန်တော်တို့နိုင်ငံမှာ ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ဖွဲ့စည်း တည်ထောင်လို့ရတဲ့ နေရာဒေသတွေများစွာ ရှိတဲ့အနက် ထင်ရှားတဲ့ ၁၀ နေရာကတော့ ခါကာဘိုရာဇီတောင်၊ ပူတာအိုဒေသ၊ အင်းတော်ကြီးကန်၊ အင်းလေးကန်၊ တွင်းတောင်၊ ပုပ္ပား၊ ပင်းတယဂူ၊ မာန်အောင်ကျွန်း၊ ဘီလူးကျွန်းနဲ့ ဇွဲကပင်တောင် စတာတွေဖြစ်ပြီး အဲဒီအထဲမှာ ပုပ္ပားတောင်ဒေသဟာ ကမ္ဘာ့ဘူမိဥယျာဉ် (Global Geopark) ဖြစ်လာဖို့ အလားအလာအရှိဆုံးနေရာ တစ်ခုဖြစ်ပါတယ်။ ပုပ္ပားတောင်ဒေသဟာ လမ်းပန်းဆက်သွယ်ရေးအလွန် ကောင်းမွန်ပြီး ခရီးသွားလုပ်ငန်းတွေ ထွန်းကားတဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေနဲ့လည်း ခရီးမိုင်နီးကပ်ပြီး လမ်းသင့်ပါတယ်**

### ပုပ္ပားတောင်ဒေသရှိ ဘူမိရှုထောင့်နယ်မြေနေရာ(Geosite)များ

ပုပ္ပားတောင်ဒေသကို အမျိုးသားအဆင့် ဘူမိဥယျာဉ်အဖြစ် စတင်နိုင်ဖို့ အဲဒီဒေသဝန်းကျင်မှာ လေ့လာစရာ၊ စိတ်ဝင်စားစရာကောင်းတဲ့ Geosite လို့ခေါ်တဲ့ ဘူမိရှုထောင့်နယ်မြေနေရာလေးတွေ ရှာဖွေဖော်ထုတ်သတ်မှတ်သွားရမှာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်ကတည်းက မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းအနေနဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီးတော့ ပုပ္ပားတောင်ဒေသကို အကြိမ်ပေါင်းများစွာ သွားရောက်ကွင်းဆင်းပြီး ဘူမိရှုထောင့်နယ်မြေ(Geosite)တွေကို ကနဦးကွင်းဆင်း ဖော်ထုတ်ခဲ့ရာမှာ ယနေ့အထိ Geosite နေရာပေါင်း ၁၁၀ ကျော် ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြပြီးဖြစ်ပါတယ်။ အဲဒီအထဲမှာမှ သစ်တောဦးစီးဌာနက စီမံခန့်ခွဲထားတဲ့ နယ်မြေအတွင်းမှာ ကျရောက်တဲ့ Geosite ပေါင်း ၁၅ နေရာနဲ့ ပုပ္ပားတောင်ဒေသကို အမျိုးသားအဆင့်ဘူမိဥယျာဉ်အဖြစ် စတင်သတ်မှတ်ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ အဲဒီလို ရွေးချယ်ထားတဲ့ ဘူမိရှုထောင့်နယ်မြေနေရာလေးတွေမှာ မီးတောင်ကျောက်တွေ၊ ချော်ကျောက်တွေ၊ အင်ကြင်းကျောက်တွေ၊ ကျောရိုးရှိသတ္တဝါတွေရဲ့ ကျောက်ဖြစ်ရုပ်ကြွင်းတွေ၊ ရှေးဟောင်းဆင်တွေရဲ့ မေးရိုးနဲ့သွားတွေ၊ သစ်ပင်နဲ့ သတ္တဝါအမျိုးမျိုးတို့ရဲ့ ကျောက်ဖြစ်ရုပ်ကြွင်းမျိုးစုံနဲ့ အရိုးစုတွေ၊ အမျိုးစုံလှတဲ့ ဇီဝမျိုးစုံမျိုးကွဲတွေကို တွေ့ရှိ လေ့လာနိုင်မှာဖြစ်တဲ့အပြင် ဒေသခံတွေရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လေ့လာတွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ဒါတွေဟာ အတိတ်ရဲ့ပထဝီ၊ အတိတ်ရဲ့ သမိုင်းကြောင်းနဲ့ အတိတ်ရဲ့ရာသီဥတုတွေဖြစ်တဲ့အပြင် အတိတ်ကာလတုန်းကရှိခဲ့တဲ့ ရိုးရာဓလေ့နဲ့ ယဉ်ကျေးမှု အဆင့်အတန်းတွေကိုပါ ဖော်ညွှန်းပြသကြမှာဖြစ်ပါတယ်။

### ပုပ္ပားတောင် ဘူမိဥယျာဉ် ဖြစ်ပေါ်လာစေဖို့ ဆောင်ရွက်ချက်များ

ပုပ္ပားတောင်ဒေသကို ကမ္ဘာ့အဆင့် ဘူမိဥယျာဉ်အဖြစ် သတ်မှတ်နိုင်ဖို့ ယူနက်စကိုအဖွဲ့ကို အမည်စာရင်းသွင်း အဆိုမပြုခင်မှာ အမျိုးသားအဆင့် ဘူမိဥယျာဉ်အဖြစ် ရှေးဦးစွာ သတ်မှတ်ဖွဲ့စည်းရမှာဖြစ်ပါတယ်။ အဲဒီကိစ္စရပ်တွေကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းတို့ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်နေကြပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနရဲ့ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်တဲ့ အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီကို ဖွဲ့စည်းထားပြီး အဲဒီကော်မတီအနေနဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွေကို ခေါ်ယူကျင်းပဆွေးနွေးခဲ့ကြပြီးဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ ဒုတိယဝန်ကြီး (ပတ်ဝန်းကျင်နှင့်သစ်တော)နဲ့ ဒုတိယဝန်ကြီး (သတ္တု)တို့က ဥက္ကဋ္ဌများအဖြစ်နဲ့ တာဝန်ယူဆောင်ရွက်နေတဲ့ ဘူမိဥယျာဉ်ဆိုင်ရာလုပ်ငန်း

*စာမျက်နှာ ၉ သို့*

# တစ်နိုင်ငံရဲ့ သတင်းအချက်အလက်တွေကို တစ်နိုင်ငံက မျှဝေရင်း မဲခေါင် - လန်ချန်း ဒေသတွင်းမီဒီယာတွေ ပိုမိုရင်းနှီးစေလို

**Mr. Neth Phaektra၊ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီး**

**တွေ့ဆုံမေးမြန်း-ခင်ရတနာ၊ ဓာတ်ပုံ - Sam Vibol**

မဲခေါင်-လန်ချန်း မီဒီယာဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၏ အပြီးသတ်အခမ်းအနားတစ်ခုကို စက်တင်ဘာလကုန်က ကမ္ဘောဒီးယားနိုင်ငံ စီဟာနုပြည်နယ် ဆိုခါ၌ ကျင်းပခဲ့သည်။ “Shared River, Shared future and the role of Journalist” အစီအစဉ်ကို ၂၀၂၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ တစ်နှစ်တာအတွင်း မဲခေါင်-လန်ချန်းဒေသအတွင်းရှိ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့မှ သတင်းစာဆရာများအား လေးကြိမ်တိတိ သတင်းနှင့် စာနယ်ဇင်းအတတ်ပညာများ ဖြန့်ဝေပေးနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါအစီအစဉ်ကို တရုတ်နိုင်ငံ၏ကူညီပံ့ပိုးမှုဖြင့် ကမ္ဘောဒီးယားနိုင်ငံက ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်သည်။ မဲခေါင်-လန်ချန်း မီဒီယာဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၏ အပြီးသတ်အခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီး တက်ရောက်ခဲ့စဉ် တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်တင်ပြလိုက်ရပါသည်။

**မေး ။ ။ နိုင်ငံတစ်နိုင်ငံမှာ စာနယ်ဇင်းရဲ့ အခန်းကဏ္ဍက ဘယ်လောက်အထိ ရှိနိုင်ပါသလဲ။**

ဖြေ ။ ။ နိုင်ငံတိုင်းမှာ စာနယ်ဇင်းလို့ပြောပြော၊ မီဒီယာလို့ပြောပြော မဖြစ်မနေရှိဖို့လိုပါတယ်။ တိတိကျကျပြောရရင် သတင်းစာဆရာစစ်စစ်တွေလိုတယ်။ ဒါမှသာ အဲဒီနိုင်ငံအတွက်၊ ပြည်သူတွေအတွက် သတင်းအချက်အလက်တွေရမယ်၊ ဆင်ခြင်စရာ၊ တွေးခေါ်စရာတွေနဲ့ နေ့စဉ်လူမှုဘဝမှာ လိုအပ်တဲ့သတင်းအချက်အလက်မျိုးစုံကို မီဒီယာတွေကနေ ရရှိတာဆိုတော့ နိုင်ငံတိုင်းမှာ မီဒီယာက အားကိုးအားထားပြုစရာပါ။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေအဖို့ မီဒီယာရဲ့အခန်းကဏ္ဍက အတော်အရေးကြီးပါတယ်။

**မေး ။ ။ အခုလို မဲခေါင်-လန်ချန်း စာနယ်ဇင်းသမားတွေ အတူတကွ တွေ့ဆုံလှုပ်ရှားမှုပြုကြတဲ့အပေါ်မှာ ဝန်ကြီးရဲ့အမြင်နဲ့ ရလာမယ့်အကျိုးကျေးဇူးတွေ သိလိုပါတယ်။**

ဖြေ ။ ။ အခမ်းအနားရဲ့ အဖွင့်မိန့်ခွန်းမှာလည်း ကျွန်တော်ပြောခဲ့ပါတယ်။ သတင်းအချက်အလက်ဆိုတာ ကျွန်တော်တို့နိုင်ငံဖြစ်ဖြစ်၊ ခင်ဗျားတို့နိုင်ငံဖြစ်ဖြစ် နေ့စဉ် အများကြီးဖြစ်ပျက်နေတယ်။ အခုလို တွေ့ဆုံမှုတွေကနေ သတင်းစာဆရာတွေမှာ မိတ်ဆွေအသစ်တွေရမယ်။ ကိုယ့်နိုင်ငံရဲ့သတင်းတွေကို နိုင်ငံပြင်ပကနေ ပြန်မြင်တွေ့ရမယ်။

အဲဒီလိုပဲ သတင်းအချက်အလက်တွေ အပြန်အလှန် ဖလှယ်ခွင့်ရမယ်။ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း အစရှိတဲ့ မဲခေါင်မြစ်စီးဆင်းရာ နိုင်ငံတွေက သတင်းသမားတွေ အတူရှိနေကြရင် ပြောစရာတွေ အများကြီးရှိလာမယ်။ တကယ်လည်း ကျွန်တော်တို့ ဒီအစီအစဉ်ကနေ အတူသတင်းလိုက်ကြတဲ့ အတွေ့အကြုံတွေ ရကြတယ်။ ပြောရရင် ကမ္ဘောဒီးယားနဲ့ မြန်မာက အခြေအနေအတော်များများ တူတယ်။ ဖွံ့ဖြိုးဖို့ အားယူနေရတာလည်းတူသလို နိုင်ငံသားတွေရဲ့ အသွားအရောင်၊ အစားအသောက်၊ ရာသီဥတုအတော်များများ ဆင်တူနေကြတယ်။ ဒါပေမယ့် မတူတာတွေလည်း ရှိမှာပေ့ါ။ ဥပမာ ယဉ်ကျေးမှုတွေ၊ ဓလေ့ထုံးတမ်းတွေ ကွဲပြားနိုင်မယ်။ ထင်ရှားတဲ့နေရာနဲ့ ပုံသဏ္ဍာန်တွေ မတူနိုင်ဘူး။ ဒါတွေကို မီဒီယာတွေအချင်းချင်း ပူးပေါင်းဖလှယ်တင်ဆက်နိုင်ရင် နှစ်နိုင်ငံပြည်သူတွေ ပိုအကျိုးများမယ်။ ကျွန်တော် မျှော်လင့်တာကတော့ အခုအစီအစဉ်ကနေ အကျိုးကျေးဇူးအနေနဲ့ တစ်နိုင်ငံအကြောင်းကို အခြားတစ်နိုင်ငံက ပိုသိရှိလာမယ်။ အဲဒီလိုနဲ့ သတင်းအချက်အလက်တွေ ပိုဖြန့်ဝေလာနိုင်မယ်။ ဒါနဲ့အတူ ကျွန်တော်တို့ အမြဲကြုံတွေ့ခံစားနေရတဲ့ သတင်းတု/သတင်းမှားတွေကိုလည်း မီဒီယာအချင်းချင်း စုပေါင်းထားမယ်ဆိုရင် အတူတွန်းလှန်လာနိုင်ပါလိမ့်မယ်။ ဒါကို ဘာကြောင့် ထည့်ပြောရသလဲဆိုရင် သတင်းတု/ သတင်းမှားတွေဆိုတာ ဘယ်တော့မှ ရပ်တန့်သွားမှာမဟုတ်ဘူးလေ။ ဒါတွေကို စစ်မှန်တဲ့သတင်းသမားတွေက စာနယ်ဇင်းအတတ်ပညာအပြည့်နဲ့ တန်ပြန်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ဒီအစီအစဉ်ကနေ နောက်ထပ်အကျိုးကျေးဇူးလို့ဆိုလိုက်ရင် ဒေသတွင်းနားလည်မှုတွေ ပိုမြင့်မားလာမယ်။ အတူ သတင်းတွေဖော်ထုတ်ကြရင်း ဒေသတွင်းမှာ ပိုငြိမ်းချမ်းလာမယ်။ စာနယ်ဇင်းဆိုင်ရာ စံနှုန်းတွေဖြစ်တဲ့ သတင်းရေးသားနည်းစနစ်တွေ၊ အင်တာဗျူးနည်းပညာတွေ၊ သတင်းထုတ်ပြန်ရေးပုံစံတွေ စတဲ့ အသိပညာတွေကို ဖလှယ်ပြီးသားဖြစ်လို့ အလေ့အကျင့်ကောင်းတွေ ပိုရလာစေမှာပါ။ ဒီလိုနဲ့ တိကျမှုတတဲ့ အစီရင်ခံမှုတွေကို ဖြည့်ဆည်းနိုင်မယ်လို့ မျှော်လင့်ပါတယ်။

**မေး ။ ။ သတင်းတု/သတင်းမှားတွေနဲ့ ပတ်သက်ပြီး ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဘယ်လိုကာကွယ်တားဆီးနေသလဲရှင့်။**

ဖြေ ။ ။ သတင်းတု/သတင်းမှား မှာမှ ထပ်ပြီးခွဲခြားလိုက်ရင် တစ်ဝက်တစ်ပျက်အမှားတွေ၊ အနည်းငယ်ပြုပြင်ထားတာတွေ၊ လုံးဝကိုမမှန်တဲ့သတင်းတွေ စသည်ဖြင့် ပုံစံအမျိုးမျိုး ပါဝင်ပါတယ်။ ဒီလို သတင်းတု/သတင်းမှားတွေကို နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု အစရှိတဲ့ ကဏ္ဍအသီးသီးမှာ မြင်နေရတယ်။ ကမ္ဘောဒီးယားနိုင်ငံကလည်း အခြားနိုင်ငံတွေလို သတင်းတု/သတင်းမှားတွေရဲ့ စိန်ခေါ်မှုကို ကြုံတွေ့နေရပါတယ်။ အဓိကကတော့ ဒီလိုအခြေအနေတွေကို ကြံ့ကြံ့ခံနိုင်ဖို့ နိုင်ငံတွင်းက သတင်းမီဒီယာတွေရဲ့ စာနယ်ဇင်း အတတ်ပညာကို မြှင့်တင်ပေးတာ၊ သတင်းထုတ်ပြန်ခြင်းနဲ့ဆိုင်တဲ့ ဥပဒေတွေကို အားကောင်းလာအောင် ဆောင်ရွက်တာတွေ အဆက်မပြတ် လုပ်ဆောင်နေပါတယ်။ ကြိုးပမ်းတဲ့အခါ သတင်းတု/သတင်းမှားတွေရဲ့ အကျိုးသက်ရောက်မှုနဲ့ပတ်သက်ပြီး အများပြည်သူ သိနားလည်သဘောပေါက်စေဖို့ စဉ်ဆက်မပြတ် ဆောင်ရွက်နေပြီး ကျူးလွန်သူတွေကို တာဝန်ခံမှုရှိစေဖို့ တရားဥပဒေနဲ့အညီ ဖော်ထုတ်အရေးယူလျက်ရှိပါတယ်။ သတင်းတုတွေဆိုရင် ဥပမာ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်၊ ထိုင်း အစရှိတဲ့ နယ်စပ်ပြဿနာမျိုးတွေမှာ အမှန်နဲ့ ကင်းကွာတဲ့သတင်းတွေ ရှိနေသလို နားလည်မှုလွဲမှားတာ၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အခန့်မသင့်ဖြစ်စေနိုင်တာမျိုးတွေကို မြင်တွေ့ရတယ်။ ဒါတွေကို ပြည်သူတွေက လက်သင့်မခံသင့်သလို အရည်အချင်းပြည့်ဝတဲ့ သတင်းသမားတွေအနေနဲ့လည်း မျှတပြီး ဓမ္မဓိဋ္ဌာန်ကျတဲ့ သတင်းတွေကို ရေးသားဖော်ထုတ်ရင်း ဒေသတွင်းချစ်ကြည်ရေးကို တိုးမြှင့်လာနိုင်မယ်လို့ အကြံပြုလိုပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံက ပြည်သူတွေကိုရော ကမ္ဘောဒီးယားနိုင်ငံရဲ့ ပြန်ကြားရေးဝန်ကြီးက ဘယ်လိုသတင်းစကားပါးချင်ပါသလဲရှင့်။**

ဖြေ ။ ။ ကမ္ဘောဒီးယားနဲ့ မြန်မာနိုင်ငံက အတော်များများ ဆင်တူတယ်လို့ ပြောခဲ့ပြီးပါပြီ။ နှစ်နိုင်ငံစလုံးက သမိုင်းကြောင်းကြွယ်ဝပြီး ယဉ်ကျေးမှုဓလေ့ထုံးစံတွေကလည်း စိတ်ဝင်စားစရာကောင်းပါတယ်။ ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ သာယာဝပြောရေးအတွက် အတူလက်တွဲလုပ်ဆောင်ပြီး အချင်းချင်းသင်ယူရင်းနဲ့ အပြန်အလှန် ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးပေးသွားမယ်လို့ ယုံကြည်ပါတယ်။ ။




ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးအား မဲခေါင်-လန်ချန်းဒေသတွင်းမှ မီဒီယာသမားများ တွေ့ဆုံမေးမြန်းကြစဉ်။

---

*စာမျက်နှာ ၈ မှ*

ကော်မတီကို ဖွဲ့စည်းထားရှိပြီး အဲဒီကော်မတီအနေနဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွေကိုလည်း ကျင်းပဆွေးနွေးခဲ့ကြပြီးဖြစ်ပါတယ်။ ဘူမိဥယျာဉ်အဆိုပြုလွှာ ပြုစုခြင်းဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး အဆိုပြုလွှာတွေ အပြီးသတ် ပြုစုရေးသားထားပြီးဖြစ်ပါတယ်။ မြေပြင်လုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ ဘာသာရပ်ပေါင်းစုံ ပါဝင်နေတဲ့အတွက် သစ်တောဦးစီးဌာန၊ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ပုပ္ပားတောင်ချစ်သူများအသင်းတို့ပါ ပူးပေါင်းဆောင်ရွက်ကြပါတယ်။

**နိဂုံး**

ကျွန်တော်တို့နိုင်ငံမှာ အခုလို ဘူမိဥယျာဉ်ကြီးတွေ ဖွဲ့စည်းပေါ်ပေါက်လာနိုင်တဲ့အခါ နိုင်ငံတော်ရဲ့ အဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးမားလှတဲ့ ရေ၊ မြေ၊ လေ၊ ရာသီဥတုဆိုတဲ့ ရုပ်ပိုင်းဆိုင်ရာအကြောင်းအချက်တွေ၊ တိရစ္ဆာန်နဲ့ အပင်အမျိုးမျိုးတို့ရဲ့ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်တွေ၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနဲ့ ပသာဒအလှအပဆိုင်ရာ အကြောင်းအချက်တွေကို ထိန်းသိမ်းစောင့်ရှောက်ရာရောက်မှာဖြစ်ပြီး ကျွန်တော်တို့လူမျိုး၊ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဝံ့ကြွားစွာနဲ့ ရေရှည်ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီအမွေအနှစ်တွေ ပျက်သုဉ်းပျောက်ကွယ်သွားခဲ့ရင်တော့ အနာဂတ် မျိုးဆက်သစ်လူငယ်တွေအတွက် သဘာဝပတ်ဝန်းကျင်နဲ့ဆိုင်တဲ့ အသိပညာဗဟုသုတတွေဟာ ရင်နင့်ဖွယ်ရာ ပျောက်ဆုံးကုန်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အမိကမ္ဘာစခန်းသာလို့ တင်စားခေါ်ဝေါ်ကြတဲ့ ပုပ္ပားတောင်ဘူမိဥယျာဉ် ဖြစ်ပေါ်လာရေးကို မိမိတို့တတ်နိုင်တဲ့ဘက်က လက်တွဲကူညီကြဖို့ တိုက်တွန်းရင်း မြန်မာနိုင်ငံရဲ့ ပထမဆုံး အမျိုးသားဘူမိဥယျာဉ် ဖြစ်ပေါ်လာမယ့်အရေး မျှော်တွေးပြီး ကြိုဆိုဂုဏ်ပြုတင်ပြအပ်ပါတယ်။



အဆိုပြုဘူမိရှုထောင့်နယ်မြေများ ဖော်ထုတ်နိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ ယမန်နှစ် ဖေဖော်ဝါရီလက ကွင်းဆင်းဆောင်ရွက်စဉ်။


**ကိုးကား-**

(၁) Ministry of Natural Resources and Environmental Conservation - လူမှုကွန်ရက်စာမျက်နှာ

(၂) Wikipedia

(၃) Mount Popa National Geopark- လူမှုကွန်ရက်စာမျက်နှာ

(၄) ဦးသန်းထွန်း(ဥက္ကဋ္ဌ)၊ ဘူမိဥယျာဉ် ဖြစ်မြောက်ရေး ကော်မတီ၏ အင်တာဗျူးများ

# နယ်ချဲ့မီဒီယာ၊ ဒီမိုကရေစီ၊ ရေနံနိုင်ငံရေး၊ အကြမ်းဖက်မှုဝေါဟာရရှင်းတမ်း

တက္ကသိုလ်မြတ်သူ

**ယခင်ကာလက နိုင်ငံတကာအခြေအနေ(ကမ္ဘာ့အခြေအနေ)သည် ယခု(မျက်မှောက်ကာလ) အခြေအနေများနှင့်ထူးမခြားနားဟု ဆိုရပေမည်။ ယခင်ကာလသည် အေးချမ်းတည်ငြိမ်စွာ မိမိတို့နိုင်ငံ၊ မိမိတို့ လူမျိုး ကောင်းကျိုးညီညာစွာ ဆောင်ရွက်ကြိုးပမ်းနေကြသော ကမ္ဘာ့နိုင်ငံအများစုကို အရင်းရှင်စက်မှုနိုင်ငံများမှ လောဘ လွန်၊ မောဟကျွံ၊ မာနတံခွန်ထူနေကြသည့် ကမ္ဘာ့လက်တစ်ဆုပ်စာမျှသာရှိသော နယ်ချဲ့သမား များက စွက်ဖက်ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ချုပ်ကိုင် ကုပ်သွေးစုပ် ဒုက္ခပေးခဲ့ကြ သည်။ ယနေ့ခေတ် ထိုနယ်ချဲ့နိုင်ငံတွင် နောင်တ၊ သံဝေဂ၊ အသိမှန်တွေရပြီး ဥပုသ်စောင့်ကုန်ကြပြီလား။ ကမ္ဘာသူ ကမ္ဘာသား (မြန်မာများအပါအဝင်) အားလုံးက နယ်ချဲ့အုပ်စု၏ လုပ်ဆောင်နေမှု အဝဝတွင် ကမ္ဘာ့အန္တရာယ် ပို၍ပင် ဆိုးလာပါသေးတယ်ဟု ပြောပြနေကြပေပြီ။**

မျက်မှောက်ကာလတွင် နယ်ချဲ့အုပ်စု၏ ကောက်ကျစ်ယုတ်မာသော နယ်ချဲ့လက်သစ်ဝါဒ (Neo-colonialism) ကို ဒီမိုကရေစီစကားလုံး၊ လူ့အခွင့်အရေးစကားလုံး တွင်တွင်သုံးကာ သတင်းမီဒီယာလက်ဝါးကြီးအုပ်လုပ်ရပ်ဖြင့် တစ်ဖက်သတ် ဝါဒဖြန့်မှိုင်းတိုက်၊ ထင်ရာစိုင်းလာနေသည်ကို မွေးရာပါ အကောင်းပကတိ၊ မံသစက္ခုမျက်စိဖြင့် ကြည့်သောသူတိုင်း မြင်နေကြသည်။ ကိုယ်ပိုင်သောတနားဖြင့် နားထောင်သူတိုင်း ကြားနေကြ၏။ အမေက မွေးပေးသည်ဆိုဆို၊ သဘာဝအရ ပါလာသည် ဆိုဆို၊ ဘုရားသခင်က ဖန်ဆင်းသည်ဆိုဆို လူတိုင်းတွင် မွေးရာပါဖြစ်သော ကိုယ်ပိုင်ဦးနှောက်ကို အသုံးပြု၊ တွေးတောဆင်ခြင်၊ သုံးသပ်တတ်သူတိုင်း သိနေကြရမည်။ အသိတရားကိုယ်စီမြဲနေလျှင် ဘာကလွဲမှားသည်၊ ဘာကမှန်သည်ကို သိနိုင်ကြပါသည်။ မိမိတို့လူသားတိုင်း ပိုင်ဆိုင်ထားသော မြင်ခြင်း၊ ကြားခြင်း၊ သိခြင်းအခွင့်အရေးကို အသုံးမပြုလျှင် ကျားငစဉ်းလဲ၏ ခံတွင်းထဲ ကိုယ်တိုင်သက်ဆင်းရမည့်အခြေအနေ ဖြစ်နေလေသည်။

## မုသားသတင်းဖြင့် လမ်းဖောက်

မန္တလေးတက္ကသိုလ် ကျောင်းအုပ်ဆရာကြီး (ငြိမ်း) ဦးကိုလေး သုတေသနပြု လေ့လာရေးသားခဲ့သည့် သီပေါမင်းနှင့် နယူးယောက်တိုင်းမ် သတင်းစာ စာအုပ်ကို ပုဂံစာအုပ်တိုက်က ထုတ်ဝေခဲ့သည်။ ဤစာရေးသူသည် ဆရာကြီး ဦးကိုလေး၏ ထိုစာအုပ်ပါ အကြောင်းအရာ အချက်အလက်များကို ထုတ်နုတ်ခဲ့ပြီး လွန်ခဲ့သော နှစ်ပေါင်း ၁၂၀ က နယ်ချဲ့ဓာတ်ပြားဟောင်းခေါင်းစဉ်ဖြင့် နိုင်ငံပိုင်သတင်းစာတွင် နှစ်ကြိမ်မက၊ သုံးကြိမ်မျှ ရေးသားတင်ပြခဲ့ဖူးသည်။ လန်ဒန်ထုတ် ဒေလီနယူးစ်၊ လန်ဒန်ဆန်းဒေးတိုင်းမ် စသည့် သတင်းစာများနှင့် အမေရိကန်ထုတ် နယူးယောက်တိုင်းမ်သတင်းစာများတွင် ၁၈၇၉ ခုနှစ် နှင့် ၁၈၈၀ ပြည့်နှစ်၊ ၁၈၈၅ ခုနှစ်များအတွင်းက မမှန်မကန် နယ်ချဲ့ကျူးကျော်မှု လမ်းစဉ်ကို မုသားသတင်းဖြင့် လမ်းဖောက်ပေးခဲ့ကြသည်။

## သတင်းမီဒီယာများကို အထိရောက်ဆုံး လက်နက်ကိရိယာအဖြစ်သုံးခဲ့

ရေးသမျှ သတင်းတစ်ပုဒ်မှမမှန်၊ သီပေါမင်းကို ဘက်ပေါင်းစုံမှ မမှန်မကန် စွပ်စွဲအပုပ်ချလျက်၊ သည်ကနေ့သာ အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်လျှင် မြန်မာပြည်သူများက လိုလားထောက်ခံကြဖွယ်ရှိနေပြီဟူသော နယ်ချဲ့ နှတ်ကြောင်းပေးသတင်းများ၊ "အလွန်တရာရိုင်းစိုင်းသော ဖူးလူးလူမျိုး (အာဖရိက)များနှင့် အာဖဂန် လူမျိုးလူရိုင်းများကို ယဉ်ကျေးလာအောင် တိုက်ခိုက်ဆုံးမရန် ဘုရားသခင်က ငါတို့ အင်္ဂလိပ်များကို တာဝန်ပေးခဲ့သကဲ့သို့ ယနေ့ မြန်မာဘုရင် အရိုင်းအစိုင်းကို တိုက်ခိုက်ပြီး သွန်သင်ရန် ငါတို့ အင်္ဂလိပ်များကို သဘာဝတရားကြီးက တာဝန်ပေးပြန်ပြီ"ဟူ၍ ကူလီကူမာများ ရေးခဲ့သည်။

ယနေ့ခေတ် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီစသည့် နယ်ချဲ့ဝါရင့်နိုင်ငံများမှ စာနယ်ဇင်း

**❑ ယနေ့ CRPH, NUG, PDF စသည့် အကြမ်းဖက်ဥပဒေချိုးဖျက်၊ သူပုန်သူကန် (NLD)များက ပြည်ပြေး ဘဝခံယူလျက် မြန်မာနိုင်ငံ ပြိုကွဲစေရန်၊ ကျဆုံးနိုင်ငံ(Fail State) ဖြစ်စေရန်၊ ထိုနိုင်ငံပျက်အခြေအနေကို လက်ညှိုးထိုးပြီး နယ်ချဲ့သမား လက်ရောင်းစားရန် သူတောင်းစားဟန်အပြည့်ဖြင့် သူတို့တစ်တွေ ကောင်းစားအောင် ဖန်နေကြသည်။ ယနေ့ ၎င်းတို့၏ အကြမ်းဖက်မှုများကြောင့် ရဟန်းသံဃာ၊ သာမဏေ၊ သီလရှင်၊ ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်၊ သက်ကြီးဘိုးဘွား၊ ဆရာဝန်များ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသားများ သေကြရသည်မှာ ၇၀၀၀ ခန့် ရှိနေသည်။ မြန်မာနိုင်ငံအတွင်းမှာပင် ယနေ့တိုင် မျက်နှာပြောင်တိုက် အခြေစိုက်ပြီး NUG, PDF တို့၏ အကြမ်းဖက်မှုကြောင့် ပြည်သူများ ၇၀၀၀ ခန့် သေရ သေရ သည်ကို နယ်ချဲ့သံရုံးများက ဖုံးကွယ်ကာ သတင်းမှားများ လွှင့်ထုတ်နေကြ**

သတင်းမီဒီယာများက မြန်မာအပါအဝင် ကမ္ဘာကို သတင်းလိမ်၊ သတင်းမှား၊ သတင်းဖောက်ထိုး၊ သတင်းပြောင်းပြန်များ အုံလိုက်ကျင်းလိုက် လုပ်ကြံရေးသား လွှင့်ထုတ်ယုတ်မာနေကြသည်မှာ အဆန်း မဟုတ်ပေ။ လွန်ခဲ့သော နှစ်ပေါင်း ၁၄၄ နှစ် (၁၈၇၉ ခုနှစ်ကတည်းက) သတင်းမီဒီယာများကို နယ်ချဲ့လုပ်ငန်း၏ အထိရောက်ဆုံး လက်နက်ကိရိယာ အဖြစ် သုံးခဲ့သည်ကို မေ့ထား၍မဖြစ်။ ကိုယ်ပိုင် မျက်စိ၊ နား၊ ဦးနှောက် အသုံးပြုနေသည့် မြန်မာတိုင်း သိနေကြသည်။ အနောက်နယ်ချဲ့အုပ်စု၏ "ကျီးကန်းတစ်အုပ်ပမာ" မီဒီယာများ၊ နယ်ချဲ့နောက်လိုက် မီဒီယာသမားများက မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် မေလက ပြည်သူ ၂၅ သန်းနီးပါးက ထောက်ခံမဲပေး၍ အတည်ပြုထားခဲ့သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နယ်ချဲ့နှင့် ပေါင်းပြီး မဲလိမ်၊ မဲခိုး ထောင်းလမောင်းထခဲ့သော ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမသမာမှုများ၊ ဆန္ဒမဲ ၁၀ သန်းကျော် ကလိမ်ကျစ်ခဲ့မှုများ၊ မဲမသမာမှုကို စွပ်စွဲမှုရှိလျှင် ဖြေရှင်းမှုရှိရမည့်အစား မဖြေမရှင်း (ဖြေရှင်းရန်ကလည်း ၎င်းမဲသူခိုးများဘက်တွင် အကြောင်းပြချက်လုံးဝမရှိ) ဘဲနေခဲ့သဖြင့် အခြေခံဥပဒေအရ ယာယီသမ္မတနှင့် ကာလုံအစည်းအဝေးက နိုင်ငံကို အရေးပေါ်အခြေအနေကြေညာရတော့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရေးပေါ်အခြေအနေဆိုးဖြင့် နိုင်ငံတော်မပြိုမလဲ၊ ပြည်သူတို့ အသက်အိုးအိမ်စည်းစိမ် မပြိုကွဲရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အရေးပေါ်အခြေအနေ လွန်မြောက်အောင်ဆောင်ရွက်ရန် တာဝန်ပေးခဲ့သည်။ စင်စစ်အခြေခံဥပဒေအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို တာဝန်ပေးခြင်းသာဖြစ်သည်။ အာဏာထိန်းသည်ဟူသော အသုံးအနှုန်းကို အာဏာသိမ်းသည်ဟု ရောကြိတ်လာကြသော နယ်ချဲ့အုပ်စုနှင့် ပြည်တွင်းမှ ပုဆိန်ရိုးအုပ်စုတို့ အတိုင်အဖောက်ညီညီ ပြဿနာရှာကြသည်။ ပြဿနာဖန်ကြသည်။

## နယ်ချဲ့သံရုံးများက သတင်းမှားများ လွှင့်ထုတ်နေကြ

ယနေ့ CRPH, NUG, PDF စသည့် အကြမ်းဖက် ဥပဒေချိုးဖျက်၊ သူပုန်သူကန်(NLD)များက ပြည်ပြေး ဘဝခံယူလျက် မြန်မာနိုင်ငံ ပြိုကွဲစေရန်၊ ကျဆုံးနိုင်ငံ(Fail State) ဖြစ်စေရန်၊ ထိုနိုင်ငံပျက်အခြေအနေကို လက်ညှိုးထိုးပြီး နယ်ချဲ့သမားလက်ရောင်းစားရန် သူတောင်းစားဟန်အပြည့်ဖြင့် သူတို့တစ်တွေ ကောင်းစားအောင် ဖန်နေကြသည်။ ယနေ့ ၎င်းတို့၏ အကြမ်းဖက်မှုများကြောင့် ရဟန်းသံဃာ၊ သာမဏေ၊ သီလရှင်၊ ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်၊ သက်ကြီးဘိုးဘွား၊ ဆရာဝန်များ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသားများ သေကြရသည်မှာ ၇၀၀၀ ခန့်ရှိနေသည်။ မြန်မာနိုင်ငံအတွင်းမှာပင် ယနေ့တိုင် မျက်နှာပြောင်တိုက် အခြေစိုက်ပြီး NUG, PDF တို့၏ အကြမ်းဖက်မှုကြောင့် ပြည်သူများ ၇၀၀၀ ခန့် သေရ သေရသည်ကို နယ်ချဲ့သံရုံးများက ဖုံးကွယ်ကာ သတင်းမှားများ လွှင့်ထုတ်နေကြသည်။

ပြည်သူတို့အိုးအိမ်၊ လမ်းတံတား၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းများ မီးရှို့ခံရပြီး လမ်းတံတားများ ဖောက်ခွဲဖျက်ဆီးခံနေရသည်ကို အနီးကပ်မြင်နေပါလျက် ဖြောင်လိမ်ဖြောင်စား၊ လူသတ်တရားခံ PDF များနေရာတွင် တပ်မတော်ကို အစားထိုးသွင်း ဝါဒဖြန့်နေကြပေသည်။ နယ်ချဲ့သမားတို့၏ ဒေါ်လာအဆိပ်၊ မီဒီယာအဆိပ်မိနေသူများ မည်သို့လိမ်လိမ် တိုင်းရင်းသားစုံမြန်မာတို့ကမူ မယုံမရှိ၊ ကိုယ်တွေ့ဖြစ်၍ သိနေကြပေသည်။

ဒီမို DEMO ဆိုသောစာလုံးမှာ မူလဂရိဘာသာဖြစ်ကြောင်း၊ အဓိပ္ပာယ်မှာ DEMO ပြည်သူဟူ၍ ဖြစ်ကြောင်း၊ ဒီမိုကရေစီသမိုင်းကြောင်း ရှေးဟောင်း အေသင်မြို့ပြ နိုင်ငံခေတ် လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ကျော်က ပြည်သူများကိုယ်တိုင် ပါဝင်တက်ရောက်ကာ နိုင်ငံအတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့သည်တို့ကို စာရေးသူ အကြိမ်ကြိမ်ရေးခဲ့ဖူးသည်။ ဟောခဲ့၊ ပြောခဲ့ဖူးပါသည်။ အင်္ဂလန်၊ ဗြိတိန်ခေါ်ယူကေတွင် အရင်းရှင်များက ဘုရင့်ထံမှ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးအာဏာများ လက်နက်ကိုင် ပုန်ကန်တိုက်ခိုက် လုယက်ယူငင်ခဲ့ကြပြီးနောက် စက်မှုအရင်းရှင်တို့ ပေါ်ချောင်ကောင်းနှုန်းဖြင့် ချမ်းသာရန် နယ်ချဲ့ခဲ့ကြကြောင်း၊ ကမ္ဘာ့နိုင်ငံအားလုံး၏ ၇၇ ရာခိုင်နှုန်းကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ကျွန်ပြုပြီး ထိုကျွန်ပြုခံနိုင်ငံများ၏ အချုပ်အခြာအာဏာကို ဖျက်ဆီး၍ နိုင်ငံများမှ စက်မှုကုန်ကြမ်း၊ ဓာတ်သတ္တုမျိုးစုံ၊ လောင်စာစွမ်းအင်မျိုးစုံသာမက နန်းစဉ် ပတ္တမြား၊ ရွှေငွေစိန်ကျောက်ရတနာမှန်သမျှ ပင်လယ်ဓားပြသဖွယ်လုယက်၍ တစ်မျိုး၊ ခိုးယူ၍တစ်သွယ် လက်ကုန်နှိုက်ယူသွားကြသော အဆိုပါနယ်ချဲ့များက သူတို့သည် ပါလီမန်ဒီမိုကရေစီဝါဒီများ၊ ကမ္ဘာ့နိုင်ငံများတွင် ဒီမိုကရေစီဆိတ်သုဉ်းနေ၍ ဒီမိုကရေစီဓာတ်သွင်းပေးရဦးမည်ဟု ဆိုလာပြန်သည်။

**✪ ယနေ့ခေတ်သစ် နယ်ချဲ့လက်သစ်များက ဒီမိုကရေစီလူ့အခွင့်အရေးဟူသော စကားလုံးနှစ်လုံးကို ရေလဲနှင့်သုံးကာ ကမ္ဘာတစ်ခွင် သွေးပင်လယ်ဝေ၊ မျက်ရည်သမုဒ္ဒရာဝေရန် ကျူးကျော်စစ်၊ စွက်ဖက်စစ်၊ ကြားခံစစ်၊ ပြည်တွင်းစစ်၊ ဒေသစစ်စသည့် စစ်ပွဲမျိုးစုံ ဖန်တီးနေကြပုံကို မြန်မာစစ်စစ်များက သိကြသကဲ့သို့ ပုံမှန်အမျိုးသားရေးစိတ်ဓာတ်ရှိသည့် ကမ္ဘာ့ပြည်သူများက လည်း သိနေကြ**

ယနေ့ခေတ်သစ်နယ်ချဲ့ လက်သစ်များက ဒီမိုကရေစီ လူ့အခွင့်အရေးဟူသော စကားလုံး နှစ်လုံးကို ရေလဲနှင့်သုံးကာ ကမ္ဘာတစ်ခွင် သွေးပင်လယ်ဝေ၊ မျက်ရည်သမုဒ္ဒရာဝေရန် ကျူးကျော်စစ်၊ စွက်ဖက်စစ်၊ ကြားခံစစ်၊ ပြည်တွင်းစစ်၊ ဒေသစစ်စသည့် စစ်ပွဲမျိုးစုံ ဖန်တီးနေကြပုံကို မြန်မာစစ်စစ်များက သိကြသကဲ့သို့ ပုံမှန်အမျိုးသားရေးစိတ်ဓာတ်ရှိသည့် ကမ္ဘာ့ပြည်သူများကလည်း သိနေကြပေသည်။

နယ်ချဲ့ပါးစပ်ပေါက်များက ထွက်လာနေသော ဒီမိုကရေစီဆိုသည့် စကားလုံးနှင့်ပတ်သက်၍၊ လူ့အခွင့်အရေး၊ အကြမ်းဖက်တိုက်ဖျက်ရေးစသည်တို့နှင့်ပတ်သက်၍ စာရေးသူက ရေးသားလျှင် မထင်မရှား ပါမွှားတစ်ယောက်က ပြောခြင်း၊ ရေးခြင်းဟု ငြင်းလိုက်လျှင် *စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

အချည်းနှီးဖြစ်ပေတော့မည်။ ငါးကြင်းဆီနှင့် ငါးကြင်းကို ကြော်သကဲ့သို့၊ သူ့အရိုးနှင့် သူ့ကိုထိုးသကဲ့သို့ နယ်ချဲ့လုပ်ပေါက်၊ ပြောပေါက်၊ ဆိုပေါက်များကို ထိုနယ်ချဲ့နိုင်ငံများမှ တစ်သန်းတစ်ယောက်ပင်မရှိသော၊ ရှားရှားပါးပါး မှန်ရာပြောဆိုရေးသားသော သူအချို့၏အရေးများကို ထုတ်နုတ်တင်ပြပါမည်။

ဂရိမြို့ပြနိုင်ငံ(အေသင်)၊ ရောမမြို့ပြနိုင်ငံ(ရောမ)၊ စပါတာမြို့ပြနိုင်ငံတို့တွင် လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ကျော်က တိုက်ရိုက်ဒီမိုကရက်တစ် Demo Kratos ကို ဘုရင့်ထံမှ အုပ်ချုပ်ရေးအာဏာကို ပုန်ကန်လုယက်ရရှိခဲ့သည့် ဗြိတိသျှ(အင်္ဂလိပ်) အရင်းရှင်များ ဥရောပမှ ပြင်သစ်အမှုးပြုသော အရင်းရှင်များက သူတို့သည် ရွေးကောက်ပွဲတွင် ပြည်သူပေးသော မဲအများစုဖြင့် တက်လာသော အစိုးရများဖြစ်၍ (ဒီမိုကရေစီနည်းကျ ပြည်သူက ရွေးကောက်၍) ဒီမိုကရေစီအစိုးရဟု ကြံဖန်ဂုဏ်လုပ်၊ လေပုပ်ထုတ်ခဲ့ကြသည်။ လက်တွေ့၌ ထိုအရင်းရှင်နယ်ချဲ့များသည် ကမ္ဘာ့နိုင်ငံ တစ်ရာကျော်ကို ကျွန်ပြုခဲ့၊ နယ်ချဲ့ခဲ့၊ သယံဇာတ ဓနဥစ္စာများ လုယက်ခိုးယူခဲ့ကြသည်။ အဆိုပါ(လူဖြူ) နယ်ချဲ့များ အထူးသဖြင့် နယ်ချဲ့ကာလသားခေါင်းကြီး အမေရိကန်တို့က လူထုကမဲပေးရွေးကောက်သော အစိုးရသာလျှင် ဒီမိုကရေစီအစိုးရဖြစ်သည်ဟု (မြန်မာနိုင်ငံမှ နဝတ၊ နယကမလွှဲသာ၍ နိုင်ငံ့တာဝန်ယူရသော တပ်မတော်အစိုးရကို အပုပ်ချခဲ့သည်။ သူတို့ ကြည်ဖြူအလိုရှိသော အခြားနိုင်ငံများတွင် စစ်အာဏာသိမ်းပွဲ တစ်ဒါဇင်မက နှစ်ဒါဇင်ရှိပါစေ ဒီမိုကရေစီနိုင်ငံ)ဟု ဆိုကြပြန်သည်။ ယနေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အခြေခံဥပဒေအရ နိုင်ငံတော်အပြိုအလဲ၊ မကွဲမပျက်ရအောင် တာဝန်ဝင်ယူ၊ နိုင်ငံတော်အာဏာကို ယာယီဝင်ထိန်းရာမှ “စစ်အာဏာသိမ်း၊ စစ်အာဏာရှင်”ဟု သမုတ်သည်။ နစကဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်အခြေအနေတည်ငြိမ်ပြီး ဥပဒေစိုးမိုးမှုပြည့်ဝစွာ ရရှိအောင်ကြိုးစားပြီး လွတ်လပ်သန့်ရှင်းမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီး လုပ်ပေးမည်ဟု ကမ္ဘာသိကြေညာလိုက်ပါမှ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်နှင့် နယ်ချဲ့လက်ပောင်းအုပ်စု (EU)တို့က ထိုရွေးကောက်ပွဲကို ဆန့်ကျင်ကြသည်။ ရွေးကောက်ပွဲမလုပ်နဲ့၊ လုပ်လျှင် ဖျက်မည်ဟု ၎င်းတို့၏ ကြေးစားပြည်တွင်း အကြမ်းဖက်သမားများမှတစ်ဆင့် ဆန့်ကျင်ကန့်ကွက်နေကြပြန်သည်။ တော်တော်တရားကျဖို့ ကောင်းနေပေပြီ။

> ❒ **ယနေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အခြေခံဥပဒေအရ နိုင်ငံတော်အပြိုအလဲ၊ မကွဲမပျက်ရအောင် တာဝန်ဝင်ယူ၊ နိုင်ငံတော်အာဏာကို ယာယီဝင်ထိန်းရာမှ “စစ်အာဏာသိမ်း၊ စစ်အာဏာရှင်”ဟု သမုတ်သည်။ နစကဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်အခြေအနေတည်ငြိမ်ပြီး ဥပဒေစိုးမိုးမှု ပြည့်ဝစွာရရှိအောင်ကြိုးစားပြီး လွတ်လပ်သန့်ရှင်းမျှတသော ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲကြီး လုပ်ပေးမည်ဟု ကမ္ဘာသိကြေညာလိုက်ပါမှ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်နှင့် နယ်ချဲ့လက်ပောင်းအုပ်စု(EU) တို့က ထိုရွေးကောက်ပွဲကို ဆန့်ကျင်ကြသည်။ ရွေးကောက်ပွဲမလုပ်နဲ့၊ လုပ်လျှင် ဖျက်မည်ဟု ၎င်းတို့၏ ကြေးစားပြည်တွင်းအကြမ်းဖက်သမားများမှတစ်ဆင့် ဆန့်ကျင်ကန့်ကွက်နေကြပြန်သည်။ တော်တော်တရားကျဖို့ ကောင်းနေပေပြီ**

ကိုယ်တိုင် ဒီမိုကရေစီကိုမယုံ ကိုယ်တိုင်မကျင့်ကြံသော နယ်ချဲ့သွေးထိုး “ဒီမိုကရေစီ” စကားလုံးကို “ဥုံ”ခံမန်းမှုတ် ကမ္ဘာပတ်ရှုပ်နေသော်လည်း အမေရိကန်ပြည်ထောင်စု၏ ဒီမိုကရေစီအပေါ် အမေရိကန်လူမျိုး ရှားရှားပါးပါး လေ့လာကျွမ်းကျင်သူ နယူးယောက်တက္ကသိုလ် မြို့ပြရေးရာ ပါမောက္ခ၊ ပတ်ဘလစ်အင်ထရက်(စ်)စာစောင်၊ Public Interest တွဲဖက်အယ်ဒီတာ၊ ဝေါလ်စထရိဂျာနယ် ဆောင်းပါးရှင်၊ ကျမ်းပြုစာရေးဆရာပညာရှင်တစ်ဦးဖြစ်သည့် အာဗင်ခရစ္စတိုလ် Irving Kristol ရေးသားသည့် အမေရိကန်ပြည်ထောင်စု၏ ဒီမိုကရက်တစ် (On The Democratic Ideal in America) စာအုပ်မှ ကောက်နုတ်ချက်များ တင်ပြပါရစေ။

ထိုစာအုပ်ကို ရန်ကုန်ရှိ အမေရိကန်သံရုံး ပြန်ကြားရေးဌာန (၅၈၁) ကုန်သည်လမ်း ရန်ကုန်မြို့မှ သံရုံးအရာရှိကြီး အာနိုးလ်စီဟန်ဆင်က မြန်မာဘာသာသို့ သမာဓိသတင်းစာတိုက်မှ ဘီဘီစီဦးမောင်မောင်ကို မြန်မာဘာသာပြန်ဆိုစေကာ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလက အမှတ်(၁၇) မလွှကုန်းလမ်း ကျောက်မြောင်းရှိ သင့်ဘဝပုံနှိပ်တိုက်တွင် ရိုက်နှိပ်ပြီး အခမဲ့ဝေငှဖြန့်ဖြူးခဲ့သည်။ ထိုစဉ်က ဤစာရေးသူသည် ကြေးမုံသတင်းစာတိုက်တွင် ဒုတိယအယ်ဒီတာချုပ် တာဝန်ထမ်းဆောင်နေစဉ် ထိုစာအုပ်ကို လက်ဆောင်အဖြစ် သံမှူးကြီး အာနိုးလ်စီ ဟန်ဆင်ထံမှ ရရှိခဲ့ပါသည်။ ထိုစာအုပ်မှ ကောက်နုတ်ချက်အချို့ကို အောက်တွင်ဖတ်ရှုကြပါရန်။

“ကျွန်တော်တို့သည် ပြည်ထောင်စုအမေရိကန်အား ပြုစုပျိုးထောင်ခဲ့သော ပုဂ္ဂိုလ်ကြီးများ ထိတ်လန့်တကြားဖြစ်သွားအောင် တစ်နေ့တခြား ပြုမူလျက်ရှိသည်ဟု ဆိုချင်သည်။ ရှင်းရှင်းပြောရလျှင် အမေရိကန်လူမျိုးများ စည်းမဲ့ကမ်းမဲ့ လူအုပ်ကြီးများကဲ့သို့ တစ်နေ့တခြားပြုမူလျက်ရှိကြ၏။ ထိုသို့သော လူအုပ်ကြီးသည် တစ်ဦးဦးက ရှေ့ဆောင်ကာ ညာသံပေးပြီး လှုံ့ဆော်ပေးလျှင် ထိုသူ၏ နောက်သို့ မဆင်မခြင်လိုက်တတ်ကြ၏။ ဆူပူသောင်းကျန်း၊ အုတ်အုတ်ကျက်ကျက် လုပ်တတ်ကြ၏။ အပြုလုပ်ငန်းထက် အဖျက်လုပ်ငန်းကို အားသန်ကြ၏။ ဤသို့သော လူအုပ်ကြီးများသည် ဆယ့်ရှစ်ရာစု ကုန်ခါနီးတွင် စက်မှုလုပ်ငန်းများပေါ်ထွန်းလာရာ မြို့သစ်များ၌ စတင်ပေါ်ပေါက်ခဲ့သည်။” (စာမျက်နှာ -၁၃)

“လူများသည် ယုတ္တိတန်မတန် ဖြစ်နိုင်မဖြစ်နိုင်၊ အကြောင်းအကျိုးဆီလျော် မဆီလျော် မစဉ်းစားဘဲ ရသင့်ရထိုက်သည်ဟု ခေါင်းမာစွာနှင့် မျှော်လင့်တောင့်တနေပါက ၎င်းမျှော်လင့်ချက်များကို အကောင်အထည်ဖော်ပေးနိုင်မည်မဟုတ်၍ ယင်းမဖြစ်နိုင်တာတွေကို တောင်းဆိုရန် ဆူပူအုံကြွမှုများအား နှိပ်ကွပ်ရေးအတွက် မလွှဲမရှောင်သာသဖြင့် ပြုလုပ်ဖို့လိုလာတော့သည်။ တစ်နိုင်ငံပြီး တစ်နိုင်ငံ ယင်းသို့ နှိပ်ကွပ်ခြင်းကိုသာ အားကိုးလျက်ရှိသည်” (စာမျက်နှာ -၂၈)

“လူငယ်များသည် သူတို့လောကထဲတွင် သူတို့ဘာသာ တသီးတခြားနေနေကြသည် မဟုတ်သေး။ သူတို့သည် လူကြီးများ၏ လောကကို ဆန့်ကျင်သူ လောကကြီးထဲတွင် နေထိုင်လျက်ရှိကြကာ ထိုသို့နေထိုင်သော လူငယ်များ၏ လူဦးရေသည် တစ်နေ့တခြား များပြားလာလေသည်။ တက္ကသိုလ်နယ်မြေများပေါ်၌ ဆူပူလှုပ်ရှားမှုတို့သည် ယင်းလောကကြီးနှစ်ခု ပဋိပက္ခဖြစ်နေခြင်း၏ အထင်ရှားဆုံး လက္ခဏာပင် ဖြစ်တော့သည်။”(စာမျက်နှာ- ၁၉)

“ပြည်သူ့လွတ်လပ်ခွင့်များကို အကြွင်းမဲ့ပေးရမည်ဟု ကျွန်တော်တို့ လူကြားကောင်းအောင် ကြွေးကြော်နေကြလင့်ကစား တစ်နေရာမှာတော့ စည်းကမ်းသတ်မှတ်ရမည်ကို စိတ်ထဲက နားလည်နေပေသည်။” (စာမျက်နှာ - ၃၇)

“စိစစ်ခြင်းဟူသောစကားကို ကြားရလျှင် လူများသည် ကျောချမ်းသွားကြသည်။ သို့သော် ထိုစကားကိုပင် ကျွန်တော်ထပ်လောင်း၍ မြွက်ဟလိုသည်။ အကယ်၍ ညစ်ညမ်းသော စာပေ၊ ရုပ်ရှင်စသည်တို့သည် ကြီးလေးသည့် ပြဿနာတစ်ရပ်ဖြစ်သည်ဟုထင်လျှင် စိစစ်ခြင်းကို ထောက်ခံကြရပေသည်။” (စာမျက်နှာ - ၄၅)

“ရှင်းရှင်းပြောရလျှင် ကျွန်တော်တို့ အမေရိကန်ဒီမိုကရေစီစနစ်အောက်တွင်ရှိသည့် ဘဝ၏ အရည်အသွေးကို မညစ်ညမ်းသွားစေချင်လျှင် စိစစ်ခြင်းကို ထောက်ခံကြရပေလိမ့်မည်။ ဆေးလိပ်သောက်ခြင်းကို ရာဇဝတ်မှုကျူးလွန်ခြင်းတစ်ခုအဖြစ် ကျွန်တော်တို့ မပြဋ္ဌာန်းထားပေ။ သို့သော် ရုပ်မြင်သံကြားတွင် စီးကရက်ကြော်ငြာခြင်းကို ပိတ်ပင်ထားသည်။” (စာမျက်နှာ - ၄၆)

“အမေရိကန်ယဉ်ကျေးမှုဈေးကွက်တွင် ယခုအခါ ညစ်ညမ်းသောစာအုပ်များ၊ ညစ်ညမ်းသော ရုပ်ရှင်များနှင့် ညစ်ညမ်းသောဇာတ်ပွဲများက ကြီးစိုးနေပေသည်။ စာပေ၊ ရုပ်ရှင်၊ ဇာတ်သဘင် အစရှိသည်တို့အား စိစစ်မှု ကျွန်တော်တို့လုပ်ကြလျှင် ဤသည်တို့နှင့်ပင်မပြီးဘဲ နိုင်ငံရေးထင်မြင် ယူဆချက်တွေကိုလည်း စိစစ်ခြင်းမပြုလာပေဘူးလားဟူသည့် အချက်ဖြစ်သည်။” (စာမျက်နှာ-၄၉)

“သို့သော် လူအုပ်ကြီးများ၏ ရုန်းရင်းဆန်ခတ်မှုများ၊ အာဏာဖီဆန်မှုများစသည်တို့ကို စဉ်းစားမိတိုင်း ကျွန်တော်စိတ်သက်သာမှုမရပေ။ လူများစု၏ အုပ်ချုပ်မှုကို လူများစု၏ နှိပ်စက်ကလူပြုမှုဖြင့် မရောမိအောင် သတိထားရပေမည်။ သို့မဟုတ်က ဒီမိုကရေစီ၏သဘောတရားကို ယုတ်ညံ့သွားအောင် ပြုလုပ်ရာ ရောက်ပေလိမ့်မည်။” (စာမျက်နှာ - ၆၄)

“အခါခပ်သိမ်း မကျေမနပ်ဖြစ်နေခြင်းသည် အကြောင်းအရာများကို ၎င်းတို့ ပကတိဖြစ်နေသည့် ဖြစ်ရပ်မှန်များအတိုင်း မမြင်နိုင်အောင်ဖြစ်ကြလေသည်။ ဖြစ်ရပ်မှန်အတိုင်း မမြင်လျှင်၊ ဖြစ်ရပ်မှန်အတိုင်း သုံးသပ်ဝေဖန်ကာ တိုးတက်ကောင်းမွန်အောင် ပြုပြင်နိုင်လိမ့်မည်မဟုတ်ပေ။” (စာမျက်နှာ-၁၅၇)

**သတင်းများဖြင့် မြန်မာကို ဒုက္ခပေးခဲ့ပုံသိလာရ**

အထက်ပါစာအုပ်တွင် ရေးသားသကဲ့သို့ အမေရိကန်နိုင်ငံ၊ အမေရိကန်အစိုးရ၊ အမေရိကန်၏ တရားလွန်တရားမင်း ထင်ရာစိုင်း ကိုယ်ကျိုးရှာသော လုပ်ရပ်များကို အမှန်အတိုင်း ရှုမြင်ထောက်ပြရေးသားပြောဆိုကြသူအချို့ (အလွန်နည်းပါးစွာ) ရှိနေပေသည်။ မန္တလေးတက္ကသိုလ် ကျောင်းအုပ်ကြီး(ငြိမ်း)ဆရာကြီး ဦးကိုလေးသည် ကျွန်တော်နှင့် ရန်ကုန်တွင် မကြာခဏတွေ့ဆုံသောအခါတိုင်း ဟောပြောညွှန်ပြသွန်သင်လေ့ရှိသည်။ ဆရာကြီးသည် မျိုးချစ်စိတ်ဖြင့် မဟုတ်မခံ၊ မှန်ရာကို မခြွင်းမချန် ရေးသားဝေဖန်လေ့ရှိသည်။ ဆရာကြီးရေးသားသော စက္ကူဖြူပြဇာတ်ကို အင်္ဂလိပ်နယ်ချဲ့တို့ မျက်မှောင်ကြုတ်ကြည့်ခဲ့ကြသည်။ ဆရာကြီးရေးသားထုတ်ဝေသော “သီပေါမင်းနှင့် နယူးယောက်တိုင်းမ်သတင်းစာ” စာအုပ်သည် ကျွန်တော်တို့မသိခဲ့ မမီခဲ့သော ရတနာပုံခေတ် အင်္ဂလိပ်သတင်းစာ၊ အမေရိကန်သတင်းစာများ နယ်ချဲ့လမ်းခင်း သတင်းများဖြင့် မြန်မာကို ဒုက္ခပေးခဲ့ပုံသိလာရ၏။

အမေရိကန်အထက်လွှတ်တော် (ဆီးနိတ်) အမတ် ဂျွန်မက္ကိန်း ရန်ကုန်သို့ လာရောက်ပြီး ဒေါ်စုကြည်၊ ဦးခွန်ထွန်းဦး(ရှမ်းNLD)တို့နှင့် တိုးတိုးတိတ်တိတ်ကြိတ်ပုန်း ဆွေးနွေးအပြီး အမျိုးသားညီလာခံသို့ တက်ရောက်နေသော ငြိမ်းချမ်းရေးအဖွဲ့များမှ ဦးစခုန်တိန့်ယိမ်း၊ ဦးမထုနော်၊ ဦးအောင်ခမ်းထီ၊ NLD မှ ဒေါ်စုကြည်၊ ဦးတင်ဦး၊ ဦးလွင်၊ ဦးအောင်ရွှေ၊ ရှမ်း NLD မှ ဦးခွန်ထွန်းဦး၊ ပြင်ပမှ အသိပညာရှင်၊ အတတ်ပညာရှင် ဆရာကြီးဦးကိုလေးနှင့် ဤစာရေးသူတို့ ပြည်လမ်းရှိ အမေရိကန်သံမှူးကြီးနေအိမ်၌ ဆုံတွေ့ကြစဉ် အမျိုးသားညီလာခံကိုယ်စားလှယ် တိုင်းရင်းသားခေါင်းဆောင်များက အမျိုးသားညီလာခံတွင် မိမိတို့ဆွေးနွေးလိုသမျှ ဆွေးနွေးနိုင်သည်။ ညီလာခံပြီး၍ အခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းပြီးလျှင် မြန်မာပြည်ထောင်စုတွင် ဒီမိုကရေစီတည်ဆောက်မှုများ လုပ်နိုင်တော့မည်မှာ သေချာ၍ မိမိတို့ညီလာခံပြီးသည်အထိ ဆက်တက်ကြမည်ဟု ပြောသည်။ ဒေါ်စုကြည်နှင့် ဦးခွန်ထွန်းဦးတို့က ထိုအများရှေ့တွင် တစ်ခွန်းမှမပြော၊ ဒေါ်စုက ဂျွန်မက္ကိန်းနှင့် တစ်နာရီကျော်ကြာတွေ့ပြီး ပြောလိုသမျှ နှစ်ကိုယ်ကြားပြောထားပြီး ဦးခွန်ထွန်းဦးက ၎င်းတို့ဆန္ဒနှင့်သဘောထား စာရေးသားပေးထားပြီးဖြစ်သည်။ တစည မှ ဦးခင်မောင်ကြီးက “မစ္စတာမက္ကိန်း ခင်ဗျားသိထားဖို့က ဒီကနေ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစကားပြောပြီး ဒီမိုကရေစီရအောင်၊ ဒီမိုကရေစီနိုင်ငံဖြစ်အောင် ပါတီတစ်ခု ---(NLD) ကသာ လုပ်နေသည်မဟုတ်၊ မိမိတို့ တစညပါတီနှင့် အခြားပါတီများကလည်း စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံဖြစ်အောင် ကြိုးစားအားထုတ်တည်ဆောက်နေကြသည်ကို မစ္စတာမက္ကိန်း သိထားပါ”ဟု ပြောသည်။ ဆရာကြီး ဦးကိုလေးက “မစ္စတာမက္ကိန်းရေ ကျွန်တော်ဟာ အခုအသက် ၈၀ ရှိပါပြီ။ ကျွန်တော့်တစ်သက် ဒီကနေ့ ဒီအချိန်အခါလောက် မြန်မာပြည်ထောင်စုကြီး ငြိမ်းချမ်းတာ၊ တည်ငြိမ်တာ၊ ဖွံ့ဖြိုးတိုးတက်လာတာ မတွေ့ဖူး မမြင်ဖူးခဲ့ပါဘူး၊ ဒီအခြေအနေကောင်းကို အမေရိကန်က ကူညီပါ၊ မကူညီရင်တောင် မနှောင့်ယှက်ပါနဲ့”ဟု တင်ပြသည်။

ဆရာကြီးဦးကိုလေးသည် အသက်(၈၀)တွင်လည်း မနား၊ ရန်ကုန်ရှိ သံဃာ့တက္ကသိုလ်တွင် အင်္ဂလိပ်စာဆည့်ပါမောက္ခအဖြစ် ကုသိုလ်ယူဆောင်ရွက်ရင်း ပိဋကတ်သုံးပုံကို အင်္ဂလိပ်ဘာသာ ပြန်ဆိုသောလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်နေခဲ့သည်။ ထေရဝါဒဗုဒ္ဓဘာသာအကြောင်း ဆောင်းပါးများ ဆက်တိုက်ရေးပြီး ကလောင်နာမည် မောင်သစ္စာဖြင့် ထေရဝါဒဗုဒ္ဓသာသနာစာအုပ် ထုတ်ဝေခဲ့သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၄၀ ပြည့်နှစ်တွင် လပေါ်သို့ အာကာသယာဉ်မှူးများစေလွှတ်ရန် အိန္ဒိယရည်ရွယ်ထား

**နယူးဒေလီ အောက်တိုဘာ ၁၉**

၂၀၄၀ ပြည့်နှစ်တွင် လပေါ်သို့ အာကာသယာဉ်မှူးများ စေလွှတ်ရန် ရည်ရွယ်ထားသည်ဟု အိန္ဒိယအာကာသအေဂျင်စီက ကြေညာခဲ့သည်။

လမျက်နှာပြင်ပေါ်သို့ မကြာသေးမီကမှ လစူးစမ်းလေ့လာရေးယာဉ် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပြီးနောက် ယခုလိုကြေညာခဲ့ခြင်းဖြစ်သည်။ အိန္ဒိယဝန်ကြီးချုပ် နာရိန်ဒရာမိုဒီသည် အိန္ဒိယအာကာသသုတေသန အဖွဲ့အစည်း၏ အကြီးအကဲနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးတို့နှင့် တွေ့ဆုံပြီးနောက် အာကာသစူးစမ်းရှာဖွေရေးတွင် နိုင်ငံတော်၏ ကတိကဝတ်များကို အတည်ပြုခဲ့သည်။ နိုင်ငံအနေဖြင့် ယခုထက်ပို၍ ကြီးမားသောရည်မှန်းချက်ပန်းတိုင်များ ထားရှိသင့်ကြောင်း မိုဒီက ပြောသည်။

လူလိုက်ပါသည့် အာကာသယာဉ် လပေါ်သို့ စေလွှတ်နိုင်ရေးနှင့် ၂၀၃၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ကိုယ်ပိုင်အာကာသစခန်း ဆောက်လုပ်နိုင်ရေးတို့ပါဝင်သည်။ ဩဂုတ်လအတွင်း ချန်ဒရာယန်-၃ ကို လတောင်ဝင်ရိုးစွန်းတွင် ဆင်းသက်နိုင်ခဲ့ပြီး လူမဲ့ လဆင်းယာဉ်ကို တောင်ဝင်ရိုးစွန်းတွင် ဆင်းသက်နိုင်သည့် ပထမဆုံးနိုင်ငံဖြစ်လာခဲ့သည်။

အဆိုပါ လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်မှ အချက်အလက်များကို ကောက်ယူစုဆောင်းခဲ့သည်။ အာကာသစူးစမ်းလေ့လာရေးတွင် ဦးဆောင်သူနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်လာစေရန် အိန္ဒိယက ရည်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**



# ဗြိတိန်ဝန်ကြီးချုပ် ဆူနက် အစ္စရေးသို့သွားရောက်



ဗြိတိန်ဝန်ကြီးချုပ် ရစ်ရှီဆူနက် အောက်တိုဘာ ၁၉ ရက်က ဘင်ဂူရီယန်လေဆိပ်သို့ ရောက်ရှိစဉ်။

**လန်ဒန် အောက်တိုဘာ ၁၉**

ဗြိတိန်ဝန်ကြီးချုပ် ရစ်ရှီဆူနက်သည် အောက်တိုဘာ ၁၉ ရက်တွင် အစ္စရေးသို့ရောက်ရှိကာ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် တွေ့ဆုံမည်ဟု ဗြိတိန်အစိုးရအဖွဲ့က ပြောသည်။

ဂါဇာကမ်းမြောင်ဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးရန်နှင့် တိုက်ပွဲများ ထိန်းချုပ်နိုင်ရေး နည်းလမ်းများရှာဖွေရန် အောက်တိုဘာ ၂၀ ရက်တွင် အစ္စရေးနှင့် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ရန် စီစဉ်ထားသည်။ အောက်တိုဘာ ၁၇ ရက်က ဂါဇာဆေးရုံတစ်ရုံတွင် ကြောက်မက်ဖွယ်ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ကမ္ဘာတစ်လွှားမှ ခေါင်းဆောင်များအနေဖြင့် နောက်ထပ်ပိုမိုပြင်းထန်သည့် ပဋိပက္ခများကိုရှောင်ရှားရန် အလှည့်အပြောင်း ပြုလုပ်သင့်သည့်အချိန်ဟုလည်း ၎င်းကပြောသည်။

အစ္စရေးနှင့် ဂါဇာဒေသတို့တွင် ဗြိတိန်နိုင်ငံသား ၅၀၀၀၀မှ ၆၀၀၀၀ ခန့် ရှိသည်ဟု ယူဆရသည်။ ဗြိတိန်ဝန်ကြီးချုပ် ဆူနက်သည် ပဋိပက္ခများ စတင်သည့်အချိန်မှစ၍ အစ္စရေးသို့လာရောက်သည့် ခုနစ်နိုင်ငံအုပ်စုမှ တတိယမြောက်နိုင်ငံ့ခေါင်းဆောင်လည်း ဖြစ်သည်။ အောက်တိုဘာ ၁၇ ရက်က ဂျာမနီမှ ဝန်ကြီးချုပ် အိုလက်ဖ်ရှို့လ်ဇ်နှင့် အောက်တိုဘာ ၁၈ ရက်က အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့သည် အစ္စရေးသို့ လာရောက်ခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီး ဂျိမ်းကလဲဗာလီသည်လည်း ပဋိပက္ခများ ဖြေရှင်းနိုင်ရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်ရန် အောက်တိုဘာ ၁၈ ရက်က အီဂျစ်၊ တူကီယဲနှင့် ကာတာနိုင်ငံတို့သို့ သွားရောက်ခဲ့သည်ဟု ဗြိတိန်အစိုးရက ပြောသည်။

**အင်န်အိတ်ချ်ကေ**



# အစ္စရေးက လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေသဖြင့် ကူညီထောက်ပံ့ရေးပစ္စည်းများ ဂါဇာသို့မရောက်ရှိသေး

**ဂါဇာ အောက်တိုဘာ ၁၉**

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာပစ္စည်းများ ပေးပို့မည့် လမ်းကြောင်းအဖြစ် ယူဆရမည့် ဂါဇာကမ်းမြောင်ဒေသနှင့် အီဂျစ်နယ်စပ်အနီးဒေသတွင် အစ္စရေးစစ်ဘက်က လေကြောင်းတိုက်ခိုက်မှုများ ထပ်မံပြုလုပ်ခဲ့သည်။

ဂါဇာ ပြည်သူများထံသို့ ပေးပို့မည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများ တင်ဆောင်ထားသည့် ကုန်တင်ယာဉ် စီးရေ ၂၀ ကို ရာဖာ့နယ်စပ်မှ ဖြတ်ကျော်ခွင့်ပေးရန် အီဂျစ်သမ္မတ အက်ဘ်ဒ်ယ်ဖာတာ အယ်လ်စီစီနှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့ သဘောတူပြီးနောက် အစ္စရေးတို့၏ ဗုံးကြဲတိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက တောင်ပိုင်း ဂါဇာ ကမ်းမြောင်ဒေသတွင် နေထိုင်သော အရပ်သားများအတွက် အစားအသောက်၊ ရေနှင့် ဆေးဝါးများ ပေးပို့နေသမျှကာလပတ်လုံး အီဂျစ်မှတစ်ဆင့် ဖြတ်ကျော် ဝင်ရောက်လာမည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများကို ဟန့်တားသွားမည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။

ထို့အတူ အစ္စရေးသည် ပါလက်စတိုင်း စစ်သွေးကြွအုပ်စု ဟားမားစ်တို့ထံ ရောက်မည့်မည်သည့် ထောက်ပံ့ရေးပစ္စည်းမျိုးကိုမဆို ခွင့်ပြုသွားမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ထောက်ပံ့ရေး ပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်ယာဉ်များသည် ယခုချိန်အထိ ဂါဇာဒေသသို့ မရောက်ရှိသေးကြောင်း သိရသည်။

အစ္စရေးနှင့် ဟားမားစ်တို့ကြား တိုက်ခိုက်မှုတွင် လူပေါင်း ၅၁၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# အာဆီယံနှင့် ဂျီစီစီအစည်းအဝေးတက်ရောက်ရန် ဖိလစ်ပိုင်သမ္မတ ဆော်ဒီသို့ ထွက်ခွာ

**မနီလာ အောက်တိုဘာ ၁၉**

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်ရိုမူဒက်ဇ်မားကို့စ်သည် အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံ (အာဆီယံ) နှင့် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (ဂျီစီစီ) ခေါင်းဆောင်များအကြား ကျင်းပလေ့ရှိသော အစည်းအဝေးသို့တက်ရောက်ရန် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်သို့ အောက်တိုဘာ ၁၉ ရက်က သွားရောက်သည်။

အစည်းအဝေးတွင် နိုင်ငံရေးဖွံ့ဖြိုးတိုးတက်ရေး၏အဓိကကျသော စိန်ခေါ်မှုများနှင့် ခိုင်မာသည့် လုံခြုံရေးဆိုင်ရာ တိုးတက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း မားကို့စ်က ခရီးထွက်ခွာခြင်းမပြုမီ မိန့်ခွန်းပြောကြားခဲ့သည်။

ယခုအစည်းအဝေးသည် အထူးသဖြင့် အရေးကြီးသော အစည်းအဝေးဖြစ်ကြောင်း၊ ပထမဆုံး အာဆီယံနှင့် ဂျီစီစီကြား အပြန်အလှန်တုံ့ပြန်မှုတစ်ခုဖြစ်ကြောင်း၊ နှစ်ဖက်စလုံးသည် ကမ္ဘာကြီးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအားဖြင့် အားမာန်အပြည့်ဖြင့် ရှေ့ဆက်နေသော အဖွဲ့အစည်းများဖြစ်ကြောင်း မားကို့စ်က ပြောကြားလိုက်သည်။

ယခုအစည်းအဝေးသည် စွမ်းအင်နှင့် စားနပ်ရိက္ခာ ဖူလုံရေးကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေး၊ ကုန်စည်ထောက်ပံ့ရေး၊ ဒစ်ဂျစ်တယ်အသွင်ပြောင်းရေး၊ ကုန်ပစ္စည်းများ လွယ်ကူချောမွေ့စွာစီးဆင်းရေး၊ ပြည်သူနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှု အရေးတကြီးလိုအပ်နေပုံကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သကဲ့သို့ ဖိလစ်ပိုင်အလုပ်သမားများအတွက် ကာကွယ်ခြင်းလည်းဖြစ်သည့်အတွက် ဖိလစ်ပိုင်နိုင်ငံအတွက် အရေးကြီးသော မူဝါဒလမ်းစဉ်တစ်ခုဖြစ်ကြောင်း မားကို့စ်က ပြောကြားလိုက်သည်။ ဂျီစီစီနိုင်ငံများတွင် ဖိလစ်ပိုင်အလုပ်သမား ၂ ဒသမ ၂ သန်းကျော် အလုပ်လုပ်ကိုင်လျက်ရှိသည်။

အာဆီယံနှင့် ဂျီစီစီသည် ၁၉၉၀ ပြည့်နှစ်ကတည်းက ဆက်သွယ်ဆောင်ရွက်မှုများ ရှိခဲ့သည်။ ဂျီစီစီအသင်းကြီးတွင် ဆော်ဒီအာရေဗျ၊ အိုမန်၊ ကာတာ၊ ဘာရိန်း၊ ကူဝိတ်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့ ပါဝင်သည်။ အာဆီယံတွင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မြန်မာ၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံ၌ မိုးသက်မုန်တိုင်းများအတွက် အဝါရောင်အဆင့် သတိပေးချက်ထုတ်ပြန်

**ပေကျင်း အောက်တိုဘာ ၁၉**

နိုင်ငံအတွင်း မိုးသည်းထန်စွာ ရွာသွန်းနိုင်သည့် မိုးသက်မုန်တိုင်းများအတွက် တရုတ်နိုင်ငံ၏ အမျိုးသား မိုးလေဝသဌာနက အဝါရောင်အဆင့် သတိပေးချက်ကို သက်တမ်းတိုးခဲ့သည်။

အောက်တိုဘာ ၁၉ ရက် ည ၈ နာရီမှ အောက်တိုဘာ ၂၀ ရက် ည ၈ နာရီအထိ ဟူနန်၊ ကွမ်တုံ၊ ကွမ်ရှီးနှင့် ကျန်းရှီးဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမည်ဟု ခန့်မှန်းထားသည်။ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ကြုံတွေ့ရမည့်လမ်းပိုင်းများတွင် ယာဉ်ကြောထိန်းချုပ်မှုအတွက် အကောင်အထည်ဖော်ရန်နှင့် မိုးသက်မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်ထားရန် ဒေသန္တရအစိုးရများကို မိုးလေဝသဌာနက အကြံပြုထားသည်။

**ဆင်ဟွာ**

# ကရင်ပြည်နယ်အတွင်း တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးအရေးယူဆောင်ရွက်မည်

**ဘားအံ အောက်တိုဘာ ၁၉**

ပြည်တွင်းထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများကို အဓိကထိုးနှက်နေသော တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများကို ကရင်ပြည်နယ်အတွင်းမှ ထိထိရောက်ရောက် တားဆီးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည့် ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။



အစည်းအဝေးတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ်သည် မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး၏ အဓိကကျသောလမ်းကြောင်းပေါ်တွင် တည်ရှိပြီး မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းသည် သွင်းကုန်ပိုင်းတွင် ကုန်သွယ်မှုပမာဏ (Trade Volume) အများဆုံးဆောင်ရွက်နေသည့် စခန်းတစ်ခုဖြစ်ကာ ကုန်ပစ္စည်းများ တင်သွင်း/တင်ပို့ဆောင်ရွက်ကြရာတွင် စစ်ဆေးရေးဂိတ်များကို ရှောင်ကွင်းစီးဆင်းနေသည့်အတွက် သတင်းစုံစမ်းရယူပြီး ထိထိရောက်ရောက် တားဆီးဖမ်းဆီး/ဆောင်ရွက်ရန်လိုကြောင်း၊ တားဆီး/ဖမ်းဆီးခြင်းများအပြင် တရားမဝင်လမ်းကြောင်းပေါ်မှ တရားဝင်လမ်းကြောင်းပေါ်ရောက်ရှိစေရေး စည်းရုံးလှုံ့ဆော်ဆောင်ရွက်သွားရန် နည်းလမ်းတစ်ခုအနေဖြင့်ဆောင်ရွက်ရန်လိုကြောင်း၊ တားဆီး/ဖမ်းဆီးဆောင်ရွက်ရာတွင် ယခင်နှစ်အလားတူကာလထက် ပိုမိုဖမ်းဆီး/တားဆီးနိုင်ရေး အထူးအဖွဲ့များက တိုးတက်ဆောင်ရွက်ရန်လိုပြီး သွင်းကုန်များသာမက အထောက်အထား စာရွက်စာတမ်းများမပါရှိသည့် ပို့ကုန်များကိုလည်း တားဆီး/ဖမ်းဆီးဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ့စီးပွားရေးမောင်းနှင်အား ကောင်းမွန်စေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအဟန့်အတားဖြစ်သည့် တရားမဝင်ကုန်သွယ်မှုများကို ပိုမိုထိရောက်စွာ အရေးယူရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်က ကုန်သွယ်မှုလုပ်ငန်းများကို တရားဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ရန်လိုပြီး တရားမဝင်ကုန်သွယ်မှုများသည် နိုင်ငံ၏ဝင်ငွေကို များစွာထိခိုက်စေကာ ဥပဒေမဲ့ဖောက်ဖျက်မှုများကို ဖော်ထုတ်၍ ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့အတွင်းရေးမှူး ပြည်နယ်အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးက တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်နယ်/ခရိုင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ အဖွဲ့ဝင်များက သက်ဆိုင်ရာဌာနများအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တံတားဦးမြို့နယ် သမဝါယမအသင်းစု၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**တံတားဦး အောက်တိုဘာ ၁၉**

တံတားဦးမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက တံတားဦးမြို့ ခေတ္တသမဝါယမအသင်းစုရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် တံတားဦးမြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌ သဘာပတိ ဦးဌေးဦးက အမှာစကားပြောကြားရာတွင် တံတားဦးမြို့နယ် သမဝါယမအသင်းတွင် အသင်းစုဝင် အခြေခံသမဝါယမအသင်း ၁၃၇ သင်းဖြင့် ဖွဲ့စည်းပြီး အခြေခံသမဝါယမအသင်း ၁၂၂ သင်းကို Exim Bank ချေးငွေများ ထုတ်ချေးပေးနိုင်ခဲ့ကြောင်း၊ မြို့နယ်သမဝါယမအသင်းစု ရေရှည်ရှင်သန်ခိုင်မာရေးအတွက် အခြေခံအသင်းသားများ အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ပေး စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦး၊ တိုင်းဒေသကြီး အသင်းစုချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်၊ တံတားဦးမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်နောင်တို့က သမဝါယမအသင်း၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမအသင်းစု၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းများ၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းများ၊ အသင်းသားစာရင်းစစ်၏ စစ်ဆေးချက်အစီရင်ခံစာများ၊ နှစ်ချုပ်စစ်ဆေးချက် အစီရင်ခံစာများစသည်တို့ကို တာဝန်ရှိသူများက ဖတ်ကြားကြပြီး ၂၀၂၂-၂၀၂၃ ခုနှစ် မြို့နယ်သမဝါယမအသင်းစု၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို သဘာပတိထံမှ အတည်ပြုချက်ရယူကာ တက်ရောက်လာသူများ၏ ဆွေးနွေးမြန်းမှုများကို သဘာပတိနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

# ဥတ္တရသီရိမြို့နယ်၌ မိုးစပါးစံပြကွက်ရိတ်သိမ်း တစ်ကေလျှင် ပျမ်းမျှ အစို ၁၂၅ တင်းထွက်ရှိ

**ဥတ္တရသီရိ အောက်တိုဘာ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာအုပ်စု ကျောင်းစုကျေးရွာ၌ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၁၇ ရက်က တောင်သူဦးကြည်သိန်း၏ ကွင်းအမှတ် (၁၈၉၄) စံပြကွက်စိုက်ခင်း၌ ကျင်းပသည်။

အဆိုပါ ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးမျိုးနိုင်၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင်ထွန်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးနဲဒို၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာကျေးအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး စပါးမျိုးကွဲ GW-11 တစ်ကေလျှင် ပျမ်းမျှ အထွက်နှုန်း နို့ဆီဘူး ၁၆ ဘူး၊ အစို ၁၂၅ တင်း၊ အခြောက် ၁၁၅ တင်းထွက်ရှိပြီး စူပါနှံကောက်မျိုး တစ်ကေလျှင် ပျမ်းမျှအထွက်နှုန်း နို့ဆီဘူး ၁၆ ဒသမ ၅ ဘူး၊ အစို ၁၂၈ ဒသမ ၉ တင်း၊ အခြောက် ၁၁၈ ဒသမ ၉ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၇ ရက်က အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Forklist တာယာ ၁၆ လုံး အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၃၀၇၀၅၀) ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Scale Monitor အခု ၂၄၀၊ Plastic Bottle ၁၄၆၀၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၃၁၀၄၀၀) ကိုလည်းကောင်း၊ သီလဝါကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Deluxe Chromium Plated Aldrop(တံခါးဂျက်) ၂၁၆၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကိုလည်းကောင်း၊ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၊ ပန်စုံကျေးရွာအနီး ရှောင်ကွင်းလမ်းတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် တရုတ်နိုင်ငံထုတ် Wifi Router အခု ၇၄၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၅၀၀၀၀) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မုပ္ပလင်-စွပ္ပနူး-အင်္ဂဘို ရှောင်ကွင်းလမ်းအနီး၌ ရပ်တန့်ထားသည့် လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)နှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် PP Pellet Packing ၄၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၂၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Faw Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၅၈၇၄၅၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


**စိုက်ပျိုးလျှင်**
**စွမ်းအင်လည်းရ**
**ပြည်လည်းလှ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(သန်လျင်)
## မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများအတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်(သန်လျင်) တွင် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် အတွက် ၂၀၂၃ ခုနှစ် ၊ နိုဝင်ဘာလ ( ၂၃ )ရက်မှစတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများကို ဖွင့်လှစ်သင်ကြား ပေးမည်ဖြစ်ပါသည်-

**မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများ**

(က) မြို့ပြအင်ဂျင်နီယာ　　(ဃ) စက်မှုအင်ဂျင်နီယာ
(ခ) အီလက်ထရောနစ်အင်ဂျင်နီယာ　　(င) သုတနည်းပညာအင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ　　(စ) ဓာတုအင်ဂျင်နီယာ

၂။ အထက်ပါ မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့သင်တန်း ( Course Work ) ( ၁ )နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း( ၁ )နှစ်၊ စုစုပေါင်း ( ၂ )နှစ် သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့သင်တန်း ( Course Work ) စာမေးပွဲကို သတ်မှတ်အရည် အချင်းဖြင့် ဖြေဆိုအောင်မြင်သူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြု သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့် ပြုမည် ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည် -

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး ( သုံးဦးစလုံး )သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။ ( နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ တင်ပြနိုင်ရ မည် )။
(ခ) သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။ ( သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနမှ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများဖြစ်ပါက တစ်ဆက်တည်းလုပ်သက် ( ၂ )နှစ်ပြည့်ပြီး ဝန်ကြီးဌာနမှ သတ်မှတ်ချက် ကိုက်ညီပါက လျှောက်ထားနိုင်သည်။)
(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။
(င) ဝန်ထမ်းဖြစ်ပါက မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် တစ်ဆက်တည်း လုပ်သက် ( ၂ )နှစ်ပြည့်ပြီး လက်ရှိ တာဝန်ထမ်းဆောင်နေသူ ဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။ သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့် ပြုကြောင်း တင်ပြရမည်။ သင်တန်းတက်ရောက်ခွင့် လျှောက်ထားရာတွင် အဆိုပါဝန်ထမ်း၏ နေရာတွင် လုပ်ငန်းထိခိုက်မှုမရှိမှသာ သက်ဆိုင်ရာဌာနမှူးနှင့် ပါမောက္ခချုပ်/ကျောင်းအုပ်ကြီး တို့မှ လျှောက်ထားခွင့်ပြုကြောင်း ထောက်ခံချက်ပါရှိရမည်။

၄။ လျှောက်လွှာနှင့်အတူ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ( ၃ )ပုံ၊ အောင်မြင်ခဲ့သော တက္ကသိုလ်များမှ အင်ဂျင်နီယာဘွဲ့ လက်မှတ် ( မူရင်းနှင့်မိတ္တူ ) တို့ကို တင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို ( ၁၉ - ၁၀ - ၂၀၂၃ ) ( ကြာသပတေးနေ့ ) ရက်နေ့မှစ၍ နည်းပညာတက္ကသိုလ်(သန်လျင်) တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ( ၁၄ - ၁၁ - ၂၀၂၃ ) ( အင်္ဂါနေ့ ) နောက်ဆုံးထား၍ ကိုယ်တိုင် လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားကို ( ၁၅ - ၁၁ - ၂၀၂၃ ) ( ဗုဒ္ဓဟူးနေ့ ) တွင် ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲကို နည်းပညာတက္ကသိုလ်(သန်လျင်)၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်သည် -

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၁၆-၁၁-၂၀၂၃ (ကြာသပတေးနေ့) | အင်္ဂလိပ်စာ | နံနက် ( ၉:၀၀ ) နာရီမှ ( ၁၂:၀၀ ) နာရီ |
| ၁၇-၁၁-၂၀၂၃ (သောကြာနေ့) | သက်ဆိုင်ရာဘာသာရပ် | နံနက် ( ၉:၀၀ ) နာရီမှ ( ၁၂:၀၀ ) နာရီ |

၇။ လူတွေ့နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့် ရရှိသူများစာရင်းများကို ( ၁၉-၁၁-၂၀၂၃ ) ( တနင်္ဂနွေနေ့ ) တွင် ထုတ်ပြန်မည် ဖြစ်ပြီး ( ၂၀-၁၁-၂၀၂၃ ) ( တနင်္လာနေ့ ) မှစ၍ နည်းပညာတက္ကသိုလ် (သန်လျင်)တွင် လူတွေ့စစ်ဆေး မည်ဖြစ်ပါသည်။ မဟာဘွဲ့သင်တန်း တက်ရောက်ခွင့်ရသူများ၏ အမည်စာရင်းကို ( ၂၁ - ၁၁ - ၂၀၂၃ ) ( အင်္ဂါနေ့ ) တွင် ထုတ်ပြန်ကြေညာမည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၉။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက နည်းပညာတက္ကသိုလ်( သန်လျင် )၊ ဖုန်း - ၀၉ - ၂၆၄၈၃၃၃၉၃ သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**နည်းပညာတက္ကသိုလ်(သန်လျင်)**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လောက်ကိုင်မြို့၊ အထက (၁)၊ Grade 3(A) မရွှေရည်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးလောက်တီး ၁၃/ကလတ(နိုင်)၀၁၈၃၅၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ အမှတ်(၁၂)ရပ်ကွက်၊ အကွက်အမှတ်(၆၆-က)၊ ရေကြည်ဦးအကွက်၊ ဦးပိုင်အမှတ်(E-၁၊ E-၂၊ E-၃၊ E-၄၊ E-၅၊ E-၆၊ E-၇၊E-၁၃၊E-၁၄၊E- ၁၅၊E-၁၆၊ E-၁၇၊E-၁၈၊ E-၁၉)၊ ဧရိယာ (၀.၆၂၆)ဧကရှိမြေအား လူမှုဝန်ထမ်းဦးစီးဌာနအမည်ဖြင့် ဌာနဆိုင်ရာမြေလွှဲချထားပေးပါရန် လျှောက်ထား ချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့် အမည် ( ၁၇ / စက်ရုံရွာမ) ၊ ဦးပိုင်အမှတ် (၁၉၃)၊ မြေဧရိယာ (၀.၀၆၆)ဧကရှိ မြေသည် သရက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ် Serial No-၂၇၂(၁)/V/၉၇/ ၂၀၀၃အရ (၂၇-၁၁-၂၀၀၃)ရက်မှ (၂၆-၁၁-၂၀၃၃) ရက်အထိ ဦးအောင်မြတ်ကျော် (၈/မထန(နိုင်)၀၂၉၇၇၁) အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ထုတ်ပေးထားသော မြေဖြစ်ပြီး ဦးရဲမင်းလတ်-ဒေါ်ကေခိုင်လွင်မှ အောင်လံမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏စာချုပ်အမှတ် (၃၄/ ၂၀၂၂)ဖြင့် အိမ်ခြံမြေအား နှစ်ဦးသဘောတူအပြီးအပိုင်ရောင်းချဝယ်ယူသည့်စာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့မှုအပေါ် ဦးရဲမင်းလတ်-ဒေါ်ကေခိုင်လွင်တို့က ၎င်းတို့အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းထုတ်ပေးပါရန် အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဤရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး(ကော်လီတွေ်ာအရာရှိ)**
**အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၆၊ မြိတ်လမ်း၊ အိမ်အမှတ်-၄ (အင်းဝအိမ်ရာ)အတွင်းရှိ မြေညီထပ်၊ အခန်းအမှတ်-၀၀၃၊ ဧရိယာ (၁၀၇၅ စတုရန်းပေ) ကျယ်ဝန်းသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်ဆွေဦး (၁၂/လကန(နိုင်)၀၃၂၇၇၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိမ့်သက်ထားသူ (၁၂/လကန(နိုင်)၂၀၅၆၃၉)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အိမ့်သက်ထားသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်အေးဝင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊မြေညီထပ်၊ မာဃလမ်းမ၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉၇၉၆၇၆၄၈၉၈**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်

၂၀၂၃ခုနှစ်၊ အောက်တိုဘာလ(၂၈)ရက်မှ အောက်တိုဘာလ(၃၁)ရက်အထိ ကာလအတွင်းတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ( ၂၀.၄၁ )ပေခန့်မှ (၂၀.၉၀)ပေခန့်အထိ သာမန်ထက်ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယင်းထူးကဲဒီရေနှင့်ပတ်သက်၍ ယခင်၂၀၁၄-၂၀၁၅ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ(၂၂)ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ ခန့်မှန်းဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်းအထက် အမြင့်(၂၀)ပေ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီး နေထိုင်ကြသော လုပ်သားပြည်သူများအား ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရန်အလို့ငှာ ယခုကဲ့သို့ သတိပေး သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေးအကြောင်းကြားအပ်ပါသည်။

## ပတ်စ်ပို့ပျောက်ဆုံး

ပုသိမ်မြို့နယ်၊ သလပ်ခွာနယ်မြေရဲစခန်းအပိုင်၊ ကြက်တူရွေးကျေးရွာအုပ်စု လာရောင်းကျေးရွာနေ စောထွန်းညို-နော်မေးလပုတို့၏သား စောလယ်ဂေ့ ၁၄/ငဆန(နိုင်) ၀၁၄၈၀၀ ၏ နိုင်ငံကူးလက်မှတ် MH588793 သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိသူများအကြောင်းကြားပေးပါရန်။ဖုန်း-၀၉-၅၂၀၂၃၈၆

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်တွေမြို့၊ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း အထက(ခွဲ) မကျည်းမြိုင် Grade-(12)မှ မအေးသန်းဟန်၏ မိခင် ဒေါ်ခင်ခင်စိုးနှင့် ဒေါ်စိုးစိုး ၁၁/ပဏတ(နိုင်)၀၉၈၈၅၈ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ခင်ခင်စိုး(ခ)ဒေါ်စိုးစိုး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

စစ်တွေမြို့၊ မင်းဂံရပ်ကွက်နေ ဦးစောလှ ၁၁/ကဖန(နိုင်) ၀၀၂၄၀၈က စစ်တွေမြို့မင်းဂံရပ်ကွက်၊ ကွင်းအမှတ် (၅၅၇ - က)၊ ပုမမြောက်ကွင်း၊ မြေကွက်အမှတ် (၆၆)၊ မြေချိန်ဧရိယာ(၀.၀၅၅)ဧကအား လူနေအိမ်ဆောက်လုပ်နေထိုင်ရန်အတွက် မြေငှားဂရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသော အထောက် အထားများဖြင့် ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ်ော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်တွေမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၀)၊ (၁၁)ရပ်ကွက်၊ မြေကွက်အမှတ် ၁၀/ဇ - ၄ (က-၃)၊ စံပယ်ခြံ(၂)လမ်း၊ အိမ်အမှတ်-၅၉ (စံပါယ်ရိပ်မွန်ကွန်ဒို)အတွင်းရှိ အခန်းအမှတ်-1C၊ ပထမထပ်၊ (၂)လွှာ၊ ဧရိယာ (၁၄၉၅ စတုရန်းပေ) ကျယ်ဝန်းသော ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းနှင့်စပ်လျဉ်းသော အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အိအိခိုင် (၁၃/တကန (နိုင်)၀၀၃၇၅၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးလင်းမျိုးသန်း (၁၂/ကမရ(နိုင်)၀၁၄၄၆၀) နှင့်၎င်း၏ဇနီး ဒေါ်ထက်ထက်မျိုးဝေ (၁၂/ဗတထ(နိုင်)၀၁၁၅၈၆)တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော စာရွက်စာတမ်း (မူရင်း)များနှင့်တကွ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးလင်းမျိုးသန်းနှင့် ဒေါ်ထက်ထက်မျိုးဝေတို့၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်အေးဝင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊မြေညီထပ်၊ မာဃလမ်းမ၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၇၉၆၇၆၄၈၉၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/3199,Mitsubishi Canter L/T(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသိန်း ၁၂/ကမရ(နိုင်) ၀၁၉၇၈၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3P/6740,SOJEN, L/T(4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်ဇင်ဝင်း ၅/မရန(နိုင်)၁၄၉၈၀၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/17307, Honda Scoopyi-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစန်းလွင်မိုး ၅/ဒပယ(နိုင်) ၁၂၇၄၇၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/73506,Honda Click 125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းထွေးအောင် ၅/အတန(နိုင်) ၀၅၂၉၄၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(မုံရွာ)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပုသိမ်မြို့နယ်တရားရုံး
## ၂၀၂၃-ခုနှစ် တရားမကြီးမှုအမှတ်- ၇၆

ဦးအာကာကျော်　　နှင့်　　ဦးသန်းအောင်
**(တရားလို)**　　　　**(တရားပြိုင်)**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်၊ ဘုရားကြီးကုန်းလမ်း၊ အမှတ်(၁၂၆)နေ ဦးသန်းအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအာကာကျော်က ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုအား လျှောက်ထားစွဲဆိုထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အမှုကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃-ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက် (၁၃၈၅-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၂)ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါရှိသူ လျှောက်ထားသူမှ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်တကွ သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ အောက်တိုဘာလ(၁၈)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဇော်ဦး)**
**မြို့နယ်တရားသူကြီး**
**ပုသိမ်မြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တိုင်ကျိုးကျေးရွာနေ ဒေါ်ကြူကြူ ၁၁/ဂမန(နိုင်)၀၁၁၈၈၂၏ ဖခင် ဦးထွန်းရင်နှင့် ဦးညီညီ ၁၁/ဂမန(နိုင်)၀၄၅၆၁၂ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးညီညီ**
**၁၁/ဂမန(နိုင်)၀၄၅၆၁၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အထက (၁) ကျိုက်ထို Grade-10 မှ မနုနုခိုင်၏ ဖခင် ဦးခိုင်သိန်းဝင်းနှင့် မောင်သိန်းဟန်မောင် ၁၁/မပန(နိုင်) ၁၀၂၁၈၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## (၁၇-၁၀-၂၀၂၃)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဦးပေါ ၉/ပမန(နိုင်)၀၇၄၈၂၅၏ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သဲကောကြီးအုပ်စု၊ သဲကောကြီးကျေးရွာနေ ဦးစိုးလွင် ၉/ပမန(နိုင်)၀၇၄၆၈၄သည် မိဘများဖြစ်သည့် အဖဦးပေါ-အမိဒေါ်တင်မေတို့၏ သားအရင်းတစ်ဦးဖြစ်ပါသည်။ သားဖြစ်သူ ဦးစိုးလွင်သည် ဖခင်ဖြစ်သူ ဦးပေါအပေါ်တွင် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းမျိုးမရှိပါ။ ဖခင်ဖြစ်သူဦးပေါသည် ဦးစိုးလွင်အပေါ်တွင် သားဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း သတင်းစာတွင် ကြေညာခဲ့သော်လည်း မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ သတင်းစာတွင် ကြေညာရုံမျှဖြင့် သားသမီးတစ်ဦး၏ အမွေစားအမွေခံ ဆုံးရှုံးခြင်းမရှိပါ။ သို့ဖြစ်၍ ဦးစိုးလွင်သည် ဖခင်ဦးပေါနှင့် ပတ်သက်ပြီး ဥပဒေအရ ပျက်ပြယ်ခြင်းမရှိသော အမွေစားအမွေခံသားတစ်ဦး ဖြစ်ကြောင်း၊ သားတစ်ဦး၏ အမွေခံစားခွင့် အခွင့်အရေး ဆုံးရှုံးခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးလွင် ၉/ပမန(နိုင်)၀၇၄၆၈၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးညွှန့်သူ(LL.B) တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၆၀၀၆၊**
**အမှတ် (၈၂)၊ ရွှေနံ့သာရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်။ Ph-09-793241611**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၅၆၉)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်သီတာဝင်းအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၈၇/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းသက်လျာထွန်း ၁၃/သပန(နိုင်)၀၄၃၁၇၂မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်အေးဖြူစံမြင့်သန်း ၁၂/ရကန(နိုင်)၀၆၇၁၈၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ မြေဧရိယာ (၀.၀၅၅)ရှိ မြေကွက်အမှတ် (ပ-၃၄၂၅၆)ကို အမည်ပေါက် ဒေါ်အဲလီဇဘတ်(ခ)လှလှမေ (ဘ)ဦးအေရီချက် ၁၂/ရကန(နိုင်)၀၅၉၁၂၆၏ အထွေထွေကိုယ်စားလှယ်ဖြစ်သူ ဦးကိုကိုယု (ဘ)ဦးမြင့်သန်း ၁၂/ပဇတ(နိုင်) ၀၂၉၄၁၆မှ ဒေါ်ပေရယ်ညီညီ (ဘ)ဦးညီညီ ၇/ဖမန(နိုင်)၁၀၁၃၃၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ကိုယ်စားလှယ်လွှဲစာအမှတ် ၂၉၅၂/၂၀၂၃ (၁၄-၂-၂၀၂၃)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန ပုဗ္ဗသီရိဈေးတွင် RC (၂)ထပ်၊ ပွဲရုံဆိုင်ခန်း(၃၃)ခန်း တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းအတွက် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်/ကုမ္ပဏီများအားဖိတ်ခေါ်ခြင်း (Expression of Interest)

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနကွပ်ကဲမှုအောက်၊ ပုဗ္ဗသီရိဈေးတောင်ဘက်တွင် ပွဲရုံဆိုင်ခန်း(၈၀'x၅၂')(၄)ခန်းတွဲ အဆောက်အအုံ(၅)လုံး၊ (၂၀)ခန်းနှင့် ပုဗ္ဗသီရိဈေးမြောက်ဘက်တွင် ပွဲရုံဆိုင်ခန်း(၈၀'x၅၂') (၄)ခန်းတွဲ၊ အဆောက်အအုံ(၂)လုံး၊ (၈)ခန်းနှင့် (၁၀၀'x၅၂') (၅)ခန်းတွဲ အဆောက်အအုံ(၁)လုံး၊ (၅)ခန်း၊ စုစုပေါင်း ပွဲရုံဆိုင်ခန်း (၃၃)ခန်းတိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းရှင်/ကုမ္ပဏီများအား စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ( Expression of Interest – EOI)ဖိတ်ခေါ်အပ်ပါသည်။ အဆိုပြုလျှောက်လွှာများကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ဈေးများဌာနရုံးသို့ (၂၁-၁၁-၂၀၂၃)ရက် ညနေ (၁၆:၀၀)နာရီ အချိန်နောက်ဆုံးထားတင်သွင်းရပါမည်။

၂။ (Expression of Interest – EOI )Form အဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း ဈေးများဌာန၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၄၂၉၃၊ ၀၉-၄၀၂၇၁၉၀၁၃ သို့ ဆက်သွယ်ရယူနိုင်ပြီး လာရောက်ထုတ်ယူစဉ် မိမိတို့၏ ကုမ္ပဏီဆိုင်ရာအထောက်အထားမိတ္တူများပြသလျက် ထုတ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ အောင်မေတ္တာ(၁)ရပ်ကွက်၊ အဝေရာလမ်းနှင့်(၄)လမ်း ထောင့်၊ ကွင်းအမှတ်(၁၆၅၅)၊ အုတ်ဖိုကွင်း၊ ဦးပိုင်အမှတ်(၁၄၁၀)၊ ဧရိယာ(၀.၀၉၇)ကေသည် ကျွန်တော် ဒုဗိုလ်မှူးကြီးမောင်ပု ၉/မဟမ(နိုင်)၀၀၆၄၉၆ အား ၁၉၉၃ခုနှစ် ဩဂုတ်လ ၂၆ရက်တွင် မကွေးမြို့ကွက်များ ဖော်ထုတ်ရေး တိုင်းကြီးကြပ်မှု ကော်မတီ၏ အကြောင်းကြားစာ ငွေရပြေစာမူရင်းများဖြင့် ယနေ့အထိ မူလအမည်ပေါက် လက်ဝယ်ထားရှိပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ တရားဝင်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ကိုယ်စားလှယ်လွှဲစာပေးအပ်ခြင်းများ လုံးဝမပြုလုပ်ခဲ့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်ပု**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လှရွှေ(ဘ) ဦးသန်းတင်၏နိုင်ငံကူးလက်မှတ်နံပတ် 042351 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၇၇၄၇၇၉၈**

## ပျောက်ဆုံးကြောင်း

အောင်သက်ပိုင် ၉/ငဇန (နိုင်)၁၂၄၇၅၀ ၏ Passport သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 63W/50985, Luajia –110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးငွေးမောင် ၁၄/ ပသန(နိုင်) ၁၈၇၉၅၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊(၂)ရပ်ကွက်၊ မာလာလမ်း၊ အမှတ်-၁၂ဟု ခေါ်တွင်သည့် မြေကွက်အကျယ်အဝန်း(၂၃x၇၅)ပေခန့်ရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၃)ထပ်တိုက်၊ မြေညီထပ်၊အကျယ်အဝန်း အလျားxအနံ (၂၁x၆၈)ပေခန့်ရှိ တိုက်ခန်းအပါအဝင် ကိုယ်ပိုင်မီတာ၊ကိုယ်ပိုင်မော်တာနှင့် မြေကွက်+ တိုက်ခန်း ပိုင်ဆိုင်မှုအကျိုးခံစားခွင့်များအားလုံးတို့ကို မူလမြေပိုင်ရှင် ဦးစံမြင့် (၁၂/မရက(နိုင်)၀၂၈၀၉၄) ကွယ်လွန်၍ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်အေးစန်း (၁၂/မရက(နိုင်)၀၂၅၉၁၀)မှ လက်ရှိလက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ၍ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဥပဒေအရခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရှိစလင်း တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၆၈၅)**
**အမှတ်-၅၅၊ ဒုတိယထပ်၊ အခန်း – ၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း – ၀၉-၅၀၉၃၁၁၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ ပေါင်းလောင်း-၂၊ မြေကွက် အမှတ်(၃၃၃၂)၊ ဧရိယာ(၀.၁၁၀) ဧကရှိ ဦးကျော်ဝင်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၈/၂၀၁၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇာနည်ထွန်း ၁၀/ကထန(နိုင်)၁၀၇၂၀၁ မှ မြေငှားစာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးရဲနန္ဒကျော် ၇/ပမန(နိုင်)၁၀၇၉၉၆နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၄၃၄)၊ အခန်းအမှတ်(A၅)၊ ဓမ္မာရုံ(၁)လမ်း၊ (၁၁)ရပ်ကွက်၊ အကျယ်အဝန်းပေ(၂၀x၆၀)၊ ရေ၊ မီးစုံအပါအဝင် တိုက်ခန်းနှင့်ပတ်သက်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်မိုးမိုးညွန့် (၉/မရမ(နိုင်)၀၁၄၉၅၀)၊ ဒေါ်မေမီသန်းဌေး(၉/ခအဇ(နိုင်)၀၀၂၄၃၉)တို့ထံမှ တရားဝင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြူသက်နှင်း(၉/ဝတန(နိုင်)၁၂၆၉၈၃) မှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းဝယ်ကိစ္စနှင့်ပတ်သတ်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်မာသည့်စာချုပ်စာတမ်းအမှတ်သားမူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| ဦးကောင်းမြတ်သူ | ဦးနိုင်ဝင်း | ဒေါ်ဝင့်ထည် |
| LLB,LLM | LLB,LLM | LLB |
| (International Law),CBL | (International Law) | |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၅၅၂၂၇) | (စဉ်-၅၄၀၇၉) | (စဉ်-၅၅၄၈၈) |

အမှတ်(၅၄/၅၆)၊ မာလာမြိုင်(၅)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၅၈၀၀၂၈၅၈

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ မြေဧရိယာ ၀.၀၅၅ ရှိ မြေကွက်အမှတ် (ပ-၃၀၃၃၀) ကို အမည်ပေါက် ဒေါ်အေးအေးသန့်(ဘ)ဦးဗိုလ်သောင်း ၁၂/ဥကတ(နိုင်)၁၁၃၀၂၆ ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဦးတင့်လွင် (ဘ)ဦးချမ်းငြိမ်း ၇/ပတန(နိုင်)၀၆၅၇၂၃ မှ ဦးသန့်(ဘ)ဦးခင်မောင်ဌေး ၁၂/ရကန(နိုင်)၀၈၅၅၃၅ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စား လှယ်လွှဲစာအမှတ်၂၉၁၈/ ၂၀၂၂ (၁၁-၇-၂၀၂၂)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်၊ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ၂၀) သဃ်န်းကျွန်းခရိုင်တရားရုံး ၂၀၂၃ ခုနှစ်၊ တရားမကြီးအမှုအမှတ် -၂၁၁

ဒေါ်မိသင်းသဇင်မွန် နှင့် ၁။ ဦးလှမောင်
၂။ ဒေါ်ရွှေတင်
၃။ ဒေါ်ညွန့်လှိုင်
၄။ ဦးစိန်ခင်ဝင်း
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်-၁၅၁နေ (၁) ဦးလှမောင်၊ (၂) ဒေါ်ရွှေတင် (၃) ဒေါ်ညွန့်လှိုင်နှင့် (၄)ဦးစိန်ခင်ဝင်း (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက " မြေကွက် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု " စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၇)ရက်(၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ(၁၆)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မောင်မောင်သက်လွင်)**
**ဒုတိယခရိုင်တရားသူကြီး( ၄ )**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

တပ်ကုန်းမြို့၊ ကျောက်စရစ်ကုန်းအုပ်စု၊ ဆူးတပ်ကျေးရွာနေ (ဘ) ဦးချစ်တင်၏သမီး ဒေါ်ထွေးထွေးရီ ၉/တကန(နိုင်) ၁၂၆၇၂၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၆-၁၉၈၃ ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၁၀-၂၀၂၃ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၁၅) သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာခြင်း ကြော်ငြာတွင် ဒေါ်အေးအေးဝင်း အထက်တန်းရှေ့နေအစား ဒေါ်အေးအေးသင်း အထက်တန်းရှေ့နေ(စဉ်-၅၄၈၆၉)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မွေးသက္ကရာဇ်အမှန်

တပ်ကုန်းမြို့၊ ကျောက်စရစ်ကုန်း အုပ်စု၊ ကျွဲလည်ပင်းကျေးရွာနေ ဦးလွင်၏သား ဦးမျိုးညွန့် ၉/တကန(နိုင်)၀၆၇၆၁၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၇-၁၉၆၉ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခိုင်ကျင့်လျှန်း (ဘ)ဦးခမ်ခန့်ရှင်း ၄/တတန(နိုင်) ၀၇၉၄၈၂ ၏ ပတ်စ်ပို့ M 875746 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၉၆၆၀၅၉၄၇၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/ဒက္ခိဏသီရိ အနောက်ရပ်)၊ပေ(၈၀x၈၀)၊ မြေကွက်အမှတ်(ဒ-၃၂၇၈၅)ရှိ ဦးစိုးလွင်(ဘ) ဦးလှရင် ၁၃/ရစန(နိုင်)၀၇၇၆၃၉ အမည်ပေါက်မြေကွက်အား ဦးစိုးလွင်ထံမှ ရပ်စောက်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာ အမှတ်(၇/၂၀၁၁)၊ (၃-၂-၂၀၁၁)ရရှိထားသူ ဦးစံရွှေ(ဘ) ဦးအေးမောင် ၁၃/ရစန (နိုင်)၀၀၉၁၅၉ မှ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ်(မိတ္တူမှန်) တင်ပြ၍ မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဦးစံရွှေ(ဘ) ဦးအေးမောင် ၁၃/ရစန(နိုင်) ၀၀၉၁၅၉ အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် ဒ-၄၈၀၃၊ မြေဧရိယာ ၀.၀၈၂ ဧကရှိ ဒေါ်ခင်ပု(ဘ)ဦးသောင်းညွန့် ၉/လဝန(နိုင်)၀၄၉၁၁၈ အမည်ပေါက် (ပါမစ်)မြေကွက်ကို ဒေါ်ခင်သီတာအေး(ဘ)ဦးအေး ၁၂/ကတတ(နိုင်)၀၀၈၂၅၀ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက် မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူ များအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန လျှောက်လွှာခေါ်ယူခြင်း

**ကြော်ငြာစာအမှတ်- ၃ /၂၀၂၃**
**၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း( ၅ )ရက်**
**၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ( ၁၉ )ရက်**

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ အခြေခံပညာအထက်တန်းကျောင်း(၅၁)ကျောင်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|---|
| (၁) | နည်းပြ(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | | | |
| | | (စိုက်ပျိုးရေး) | (၁၀၂)နေရာ | B.Agr.Sc ဘွဲ့ရ |
| | | (မွေးမြူရေး) | (၁၀၂)နေရာ | B.V.Sc/B.A.Sc/ Doctor of Veterinary Medicine(D.V.M)ဘွဲ့ရ |
| (၂) | ဒုတိယနည်းပြ(၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) | | | |
| | | (စိုက်ပျိုးရေး) | (၁၀၂)နေရာ | B.Agr.Sc ဘွဲ့ရ |
| | | (မွေးမြူရေး) | (၁၀၂)နေရာ | B.V.Sc/ B.A.Sc/ Doctor of Veterinary Medicine(D.V.M)ဘွဲ့ရ |
| (၃) | ဒုတိယလက်ထောက်ဦးစီးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) (ကွင်းဆင်းလက်ထောက်) | | | |
| | | (စိုက်ပျိုးရေး) | (၅၁)နေရာ | B.Agr.Scဘွဲ့ရ/Dip.Agri အောင်လက်မှတ်ရ |
| | | (မွေးမြူရေး) | (၅၁)နေရာ | B.A.Sc ဘွဲ့ရ/Dip.AH (မွေးမြူရေးဒီပလိုမာ) အောင်လက်မှတ်ရ |
| | | စုစုပေါင်း | (၅၁၀)နေရာ | |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
( ခ ) (၃၁ - ၁၀ - ၂၀၂၃)ရက်နေ့တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
( ဂ ) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဃ) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
( င ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
( စ ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း(Removal)၊ ရာထူးခန့်ထားခြင်းအမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့် မရှိပါ။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲ လျက် စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ( ၁၀ - ၁၁ -၂၀၂၃)ရက်နေ့အရောက် ပေးပို့လျှောက်ထားရမည်-
(က) အောင်လက်မှတ်မိတ္တူ(လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ်မူရင်း တင်ပြရန်)
( ခ ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ်မူရင်းတင်ပြရန်)
( ဂ ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု မှုခင်း ကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော နောက်ခံအနီရောင် လိုင်စင်ဓါတ်ပုံ(၂)ပုံ(နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားဖော်ပြရန်)
( င ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
( စ ) ပြင်ပမှလျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဆ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

၄။ လျှောက်လွှာများကို နေပြည်တော်၊ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)နှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် စိုက်ပျိုးရေး ဦးစီးဌာနရုံးများတွင် ရရှိနိုင်ပါသည်။

၅။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၆။ အမှတ်စဉ် (၁)နှင့်(၂)ရာထူးများအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် မြန်မာစာ၊ အထွေထွေဗဟုသုတ၊ အင်္ဂလိပ်စာတို့အား မေးခွန်းတစ်ခုလျှင် (၂)နာရီဖြင့် အောက်ပါနေ့ရက်များအတိုင်း ဖြေဆိုရမည်ဖြစ်သည်။ ယင်းရာထူးများအတွက် ရေးဖြေ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို ( ၁၇ - ၁၁ -၂၀၂၃)ရက်နေ့တွင် နေပြည်တော်ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)တွင် ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ရုံးချိန်အတွင်း ထုတ်ယူရပါမည်။

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | (၁၈ - ၁၁ - ၂၀၂၃) | (၁၀:၀၀နာရီမှ ၁၂:၀၀ နာရီထိ) |
| ( ခ ) | အထွေထွေဗဟုသုတ | (၁၈ - ၁၁ - ၂၀၂၃) | (၁၃:၀၀နာရီမှ၁၅:၀၀ နာရီထိ) |
| ( ဂ ) | အင်္ဂလိပ်စာ | (၁၉ - ၁၁ -၂၀၂၃) | (၁၀:၀၀နာရီမှ ၁၂:၀၀ နာရီထိ) |

၇။ အမှတ်စဉ်(၃)ရာထူးအတွက် အရည်အချင်းစစ် ရေးဖြေစစ်ဆေးခြင်းကို နေပြည်တော်စာစစ် ဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင် တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ပါ၍ မိမိတို့ ဖြေဆိုမည့် စာစစ်ဌာန(၁)ခုကို ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ဖြေဆိုခွင့်ပြု မည်ဖြစ်သည်။ ယင်းရာထူးအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို( ၁၈ - ၁၁ -၂၀၂၃) ရက်နေ့(နံနက် ၁၀:၀၀ နာရီ)၌ မြန်မာစာ၊အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များ ပါဝင်သော (၂)နာရီမေးခွန်းဖြင့် ဖြေဆိုရမည်ဖြစ်သည်။

၈။ ယင်းရာထူးအတွက် ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို(၁၇-၁၁ -၂၀၂၃) ရက်နေ့၌ တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင် ဖြေဆိုသူများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများ၌လည်းကောင်း၊ နေပြည်တော်စာစစ်ဌာနတွင် ဖြေဆိုသူများအနေဖြင့် ရုံးအမှတ် (၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)၌ လည်းကောင်း ဖြေဆိုမည့်သူ ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ရုံးချိန်အတွင်း ထုတ်ယူရပါမည်။

၉။ ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့်အစီအစဉ်ကို ထပ်မံအကြောင်းကြားမည် ဖြစ်ပြီး သိရှိစုံစမ်းလိုပါက စိုက်ပျိုးရေးဦးစီးဌာန Website www.doa.gov.mm/doa နှင့် အပိုဒ်(၁၀)ပါ ဖုန်းနံပါတ် များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ်- ၀၆၇-၃၄၁၀၃၂၅/ ၀၆၇- ၃၄၁၀၅၁၇/၀၆၇-၃၄၁၀၁၄၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းများတွင် ထောက်ပံ့ရန်အတွက် လိုအပ်သော အထောက်အပံ့ပစ္စည်းများဖြစ်သည့် တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မွေးသန့်စင်သုံးပစ္စည်း၊ လူထုဘေးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ဆက်စပ်ပစ္စည်းများ၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဆက်စပ်ပစ္စည်းများ၊ Psycho Social Support ပစ္စည်းများကို ဝယ်ယူနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ **တင်ဒါပုံစံများထုတ်ယူရမည့် အချိန်နှင့်နေ့ရက်** | - | ၂၀-၁၀-၂၀၂၃ ရက်၊ နံနက်(၁၀)နာရီမှ ညနေ (၄) နာရီအထိ |
| **တင်ဒါပုံစံများနောက်ဆုံးထုတ်ယူရမည့်အချိန်နှင့်နေ့ရက်** | - | ၂၇-၁၀-၂၀၂၃ ရက်၊ နံနက်(၁၀)နာရီမှ ညနေ (၄) နာရီအထိ |
| **တင်ဒါပုံစံများနောက်ဆုံး တင်သွင်းရမည့်အချိန်နှင့်နေ့ရက်** | - | ၇-၁၁-၂၀၂၃ ရက်၊ ညနေ ၄ နာရီအထိ |
| **တင်ဒါပုံစံများကို ထုတ်ယူရမည့်နေရာ** | - | မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်ရုံးခွဲ အမှတ်-၄၂၊ ကမ်းနားလမ်း၊ စတုတ္ထအထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိရန် ဖုန်း-၀၁-၈၃၉၂၀၂၈၊ ၈၃၉၂၀၂၉၊ ၈၃၉၂၀၃၀ (လိုင်းခွဲ-၁၁၉) သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## အမည်(၂)မျိုးဖြင့် လူတစ်ဦးတည်းဖြစ်ကြောင်း

ကျွန်တော် ဦးတင်အောင်ကျော် ၁၂/စခန(နိုင်)၀၆၀၃၈၂ ၏ အိမ်ထောင်စု လူဦးရေစာရင်းမှုရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမှုရင်းတို့တွင် ကျွန်တော်၏အမည်ကို မောင်မြတ်ကို(ခ)မောင်တင်အောင်ကျော်ဟု ဖော်ပြထားပြီး တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်း၊ သိပ္ပံဘွဲ့လက်မှတ်မူရင်း၊ Post Graduate Diploma in Law (PGDL) ယာယီဘွဲ့လက်မှတ်မူရင်းတို့တွင် မောင်တင် အောင်ကျော်ဟုဖော်ပြထား၍ အမည်(၂) မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းသာ ဖြစ်ပါသည်။

**မောင်မြတ်ကို(ခ)မောင်တင်အောင်ကျော် ၁၂/စခန(နိုင်)၀၆၀၃၈၂**

## အမည်(၂)မျိုးဖြင့်လူတစ်ဦးတည်းဖြစ်ကြောင်း

ကျွန်တော် ဦးတင်အောင်ကျော် ၁၂/စခန(နိုင်)၀၆၀၃၈၂ ၏ နိုင်ငံသား စိစစ်ရေးကတ်ပြားတွင် အဘအမည်မှာ(ဦးစန်းမြင့်(ခ)ဦးစောဦး)ဟု ဖော်ပြထားပြီး အိမ်ထောင်စု လူဦးရေစာရင်းမူရင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင် လက်မှတ်မူရင်း၊ သိပ္ပံဘွဲ့လက်မှတ်မူရင်း၊ Post Graduate Diploma in Law(PGDL)ယာယီဘွဲ့ လက်မှတ်မူရင်းတို့တွင် အဘအမည်မှာ ဦးစောဦးဟုဖော်ပြထား၍ အမည်(၂)မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းသာဖြစ်ပါသည်။**(ဦးစန်းမြင့်(ခ)ဦးစောဦး) ၁၂/စခန(နိုင်)၀၀၆၄၆၉**

## အမှားပြင်ဆင်ဖတ်ရှုပါရန်

၁၄-၁၀-၂၀၂၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၄)တွင် သက်ဆိုင်သူများနှင့် အများသိစေရန်ခေါင်းစဉ်ပါကြော်ငြာ၌ ဦးဝင်းအောင်လေး ၁၀/မလန(နိုင်)၁၅၈၉၁၇ အစား ၁၀/မလမ(နိုင်)၁၅၈၉၁၇ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဒေါ်နန်းကြည်မေ**
**(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၂၁)(၈-၂-၂၀၀၅)**
**အမှတ်-၁၁၂(မြေညီ)၊ ပတ္တမြားလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။**
**ဖုန်း-၀၉-၄၄၀၇၁၉၀၉၇**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(ရလပ-၂၂)၊ မြေကွက်အမှတ်(၉၃၀)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ (ယခုအခေါ် အမှတ်(၉၃၀)၊ ကမ်းပတ်လမ်း၊ (၂၂) ရပ်ကွက်၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော ဒေါ်မြင့်မြင့်သန်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ဝင်းထွန်း ၁၂/ခရန(နိုင်)၀၀၆၀၆၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထက်ပါ မြေကွက်နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှု အထောက်အထား စာချုပ်/စာရွက်စာတမ်းမူရင်း ပါမစ်ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ (LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ (စဉ်- ၄၃၀၆၄/၂၀၁၃)**
**တိုက် (၃၉၀/၄)၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ် ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့၊ အမှတ် ၂ ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အကွက်အမှတ်(K-ရပ်ကွက်၊ မြို့မ)၊ ဦးပိုင်အမှတ် (၁၁၇ )၊ ဧရိယာ ၀ ဒသမ ၀၈၀ ဧကရှိ မြို့မြေကို ကျောင်းကုန်းမြို့နယ် တရားရုံး၏ ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉ အရ မှတ်ပုံတင်စာချုပ် အမှတ်(၁၆/၂၀၂၃)ဖြင့် မှတ်ပုံတင်ထားသော အိမ်နှင့် ခြံမြေအား နေထိုင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာရန် ဒီကရီချမှတ်သည့် တရားရုံးစီရင်ချက်နှင့် စာချုပ်အမှတ်(၂၃/၂၀၂၃)ဖြင့် မှတ်ပုံတင်ထားသော တရားရုံးကျမ်းကျိန်လွှာတို့ကို မြေပိုင်ဆိုင်မှုအထောက်အထားအဖြစ်တင်ပြ၍ ဒေါ်သန္တာလင်းမှ မြေငှားဂရန်အသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ်ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကျောင်းကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျောင်းကုန်းမြို့**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့်အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄) ကော့ကရိတ်ခရိုင်တရားရုံးတော် ၂၀၂၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁

| | | |
|---|---|---|
| ဦးအေးနိုင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်တိုးစန္ဒာနိုင်) | နှင့် | ၁။ ဦးစောတင်နု<br>၂။ ဦးသိန်းငွေ (၎င်း၏တရားဝင်ကိုယ်စားလှယ် ဒေါ်ဆုဝေမွန်) |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်များ** |

၂၀၂၂ ခုနှစ်၊ အောက်တိုဘာ လ ၁၇ ရက်စွဲပါ ကော့ကရိတ်မြို့နယ်တရားရုံးတော်မှချမှတ်သော တရားမကြီးမှုအမှတ် ၁/၂၀၂၂၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

အမှတ် (၁) အယူခံတရားပြိုင် ဦးစောတင်နု၊ မြေနီကုန်း၊ အမှတ် (၄) ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ကော့ကရိတ်မြို့နယ် တရားရုံးတော်ကချပေးသည့် ဒီကရီကို ဦးအေးနိုင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်တိုးစန္ဒာနိုင်)က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်) တွင်ဆိုင်ဆိုရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းဆိုထားသည့် အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းအောင်)**
**ခရိုင်တရားသူကြီး**
**ကော့ကရိတ်ခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ် (၉၇၉)၊ အကျယ်အဝန်း ပေ(၄၀ x ၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ပတ်သက်၍ ဒေါ်သီတာဦး ၁၂/အစန(နိုင်) ၀၀၆၆၃၆ မှ ဒေါ်ရင်ရင်ရွှေ ၁၂/ကတန(နိုင်)၀၁၄၃၂၄ ထံသို့ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်ပေးခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ်- ၁၄၇၁၁/၂၀၁၃ (၂၀-၈-၂၀၁၃)အား ပြည်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၆ ၈၃၃၇၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ် (၄၈၈)၊ ဗိုလ်တာရာလမ်း၊ အကျယ်အဝန်း ပေ(၄၀ x ၆၀)ရှိ ဦးအေးကို အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်းကမ်းလှမ်း လာသူ ဒေါ်ကေသီခိုင် ၁၂/ဥကမ(နိုင်)၁၈၅၁၆၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၆ ၈၃၃၇၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇၉)၊ အောင်သစ္စာလမ်းသွယ်(၁)လမ်း၊ မြေကွက်အမှတ်(၇၆၇)ဟု ခေါ်တွင်သော ဧရိယာ (၄၀ x ၆၀)ပေ အကျယ်အဝန်းရှိသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးပြည့်ဖြိုးဝေအမည်ပေါက် နှစ်(၆၀)ဂရန် မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးပြည့်ဖြိုးဝေ ၇/သကန(နိုင်)၁၀၁၇၁၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်/စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သဉ္ဇာမြင့် ၁၂/ဥကမ(နိုင်)၂၀၃၇၇၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမြင့်မောင်(LL.B, D.B.L)** | **ဒေါ်မြတ်ဆုဝေ(LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၅၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၁၁)** |

**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊ (၈)မိုင်၊**
**မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၅၀၃၉၈၄၁၁၊ ၀၉-၇၉၅၅၈၅၈၅၉**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/5570 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ရောင်းချရန်ကြော်ငြာစာ (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆) ဗိုလ်တထောင်ခရိုင်တရားရုံးတော် ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၅၃

| | | |
|---|---|---|
| ဦးဇော်ခိုင်မြင့် (ခ) ပေါလ် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဂျိုးဇက်) | **နှင့်** | မမေအိမ့်ဒါလီမွန် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှု အမှတ်- ၂၃၄/၂၀၁၈ အမှု၏ အနိုင်ဒီကရီကိုအတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ရက်) နံနက် (၁၀:၀၀) နာရီတွင် ၎င်းပစ္စည်း တည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

